# ကြေးမုံ
The Mirror

၁၃၆၈ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၃ ရက်၊ တနင်္ဂနွေနေ့၊ (4-2-2007) (၅၂၂၃)


## နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ
## သီရိလင်္ကာဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတထံ သဝဏ်လွှာပေးပို့

နေပြည်တော် ဖေဖော်ဝါရီ ၄

၂၀၀၇ ခုနှစ် ဖေဖော်ဝါရီ ၄ရက်တွင် ကျရောက်သော သီရိလင်္ကာဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံ လွတ်လပ်ရေးနေ့ အခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ သီရိလင်္ကာဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ မဟင်ဒါ ရာဂျာပတ်ခ်ဆာထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

## နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း
## သီရိလင်္ကာဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံဝန်ကြီးချုပ်ထံ
## ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် ဖေဖော်ဝါရီ ၄

၂၀၀၇ခုနှစ် ဖေဖော်ဝါရီ ၄ရက်တွင် ကျရောက်သော သီရိလင်္ကာဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံ လွတ်လပ်ရေးနေ့အခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းထံမှ သီရိလင်္ကာဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာ ရတနာသီရိ ဝစ်ခရမ်မာနာရာကာထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

### နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်ရေး

### စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြား စီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

### လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး





## ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် ရဲရွာရေအားလျှပ်စစ်စီမံကိန်း ကြည့်ရှုစစ်ဆေး
## ယခုအခါ တည်ဆောက်ရေးလုပ်ငန်းအားလုံး၏ ၃၅ ဒသမ ၈၇ ရာခိုင်နှုန်းပြီးစီး
## ရာနှုန်းပြည့်ပြီးစီးပါက တစ်နှစ်ပျမ်းမျှဓာတ်အား ကီလိုဝပ်နာရီသန်းပေါင်း ၃၅၅၀ ထုတ်ပေးနိုင်မည်

နေပြည်တော် ဖေဖော်ဝါရီ ၃

မန္တလေးတိုင်း မန္တလေးမြို့၌ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်နှင့် ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များလိုက်ပါလျက် ဖေဖော်ဝါရီ ၂ ရက် နံနက် ၈ နာရီခွဲတွင် မော်တော်ယာဉ်များဖြင့် မန္တလေးမြို့မှ အရှေ့တောင်ဘက် ၃၁ မိုင်အကွာ ရဲယမန်းကျေးရွာအနီး၌ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန အမှတ်(၂) တည်ဆောက်ရေးအဖွဲ့က တည်ဆောက်လျက်ရှိသည့် ရဲရွာရေအားလျှပ်စစ်စီမံကိန်းသို့ ရောက်ရှိကြသည်။

ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များအား စီမံကိန်းရှင်းလင်းဆောင်၌ ရေအားလျှပ်စစ်အကောင်ထည်ဖော်ရေးဦးစီးဌာန အမှတ်(၂) တည်ဆောက်ရေးမှ ညွှန်ကြားရေးမှူးဦးမြင့်ဇော်က ရဲရွာရေအားလျှပ်စစ်စီမံကိန်းအတွင်း လက်ရှိဆောင်ရွက်လျက်ရှိသည့်

**စာမျက်နှာ ၈ ကော်လံ ၁ သို့** ❖

### ကြည့်ရှုစစ်ဆေး

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယ ဗိုလ်ချုပ်ကြီး ရဲမြင့် ရဲရွာ ရေအားလျှပ်စစ်စီမံကိန်း လုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

### မိုးထစ်ချုန်းရွာနိုင်

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာဖွယ်ရာရှိသည်။ ရွာရန်ရာနှုန်း ၄၀ ဖြစ်သည်။

**နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။**

ကြေးမုံ The Mirror
၄-၂-၂၀၀၇
(တနင်္ဂနွေနေ့)

| ပြည်သူ့ သဘောထား | |
|---|---|
| | ★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။ |
| | ★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။ |
| | ★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။ |
| | ★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။ |

## ရင်သွေးငယ်များကျန်းမာရေး ကာကွယ်ဆေးထိုးပေး

နိုင်ငံတော်က ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှု အပြည့်အဝပေးနိုင်ရေးအတွက် ထိရောက်သော ကုသမှုများနှင့်အတူ ရောဂါကြိုတင်ကာကွယ်ရေး အစီအမံများကို အကောင်အထည်ဖော် လျက်ရှိသည်။

ကျန်းမာရေးဝန်ကြီးဌာနက အမျိုးသမီးများနှင့် ကလေး သူငယ်များ၏ ကျန်းမာရေးအတွက် ကာကွယ်ဆေးထိုး ဆေးတိုက် လုပ်ငန်း၊ ရောဂါနှိမ်နင်းရေးလုပ်ငန်း၊ ကျန်းမာရေး ပညာပေးလုပ်ငန်း များကို ပြုလုပ်လျက်ရှိရာ ခြောက်လမှ ငါးနှစ်အရွယ်ကလေးများနှင့် နို့တိုက်မိခင်များအား ဗီတာမင်အေဆေးလုံး တိုက်ကျွေးခြင်း၊ ကိုယ်ဝန် ဆောင် မိခင်လောင်းများအား သံဓာတ်အားဆေးများ ဝေငှခြင်း လုပ်ငန်းများ ပါဝင်သည်။

အထူးသဖြင့် ကလေးငယ်များအား ရောဂါဘေးမှ ကင်းဝေးစေရေး အတွက် တီဘီရောဂါ၊ ဆုံဆို့၊ ကြက်ညှာ၊ မေးခိုင်ရောဂါ၊ ဝက်သက် ရောဂါ ကာကွယ်ဆေးထိုးနှံခြင်းနှင့် ပိုလီယိုအကြောသေရောဂါ ကာကွယ်ဆေးတိုက်ကျွေးခြင်းတို့ကို ၁၉၈၇ ခုနှစ်မှစတင်၍ ဆောင်ရွက် လာခဲ့သည်။ ထို့အပြင် ကလေးများအား အသည်းရောင်အသားဝါ 'ဘီ'ရောဂါကာကွယ်ဆေးထိုးနှံပေးခြင်းကို ၂၀၀၃ ခုနှစ်တွင် ဆောင်ရွက် ခဲ့ရာ ရောဂါခုနစ်မျိုးအတွက် ကာကွယ်ဆေးများ ထိုးနှံတိုက်ကျွေး ပေးနိုင်ခဲ့ပြီဖြစ်သည်။

ယခုအခါ ကလေးငယ်အချို့တွင် ဝက်သက်ရောဂါဖြစ်ပွားမှုများ တွေ့ရှိလာသဖြင့် အသက်ကိုးလအရွယ်တွင် တစ်ကြိမ်၊ တစ်နှစ်ခွဲမှ နှစ်နှစ်အရွယ်တွင်တစ်ကြိမ် ဝက်သက်ကာကွယ်ဆေး နှစ်ကြိမ်ထိုးနှံရေး စီမံချက်ကို ချမှတ်ဖော်ဆောင်ပေးလျက်ရှိသည်။

ဝက်သက်ရောဂါဖြစ်ပွားသေဆုံးမှု လျှော့ချနိုင်ရေးနှင့် ရင်သွေး ငယ်များ ကာကွယ်ဆေးထိုး အခွင့်အလမ်းများ ရရှိစေရေး အတွက် ယခုနှစ် ဇန်နဝါရီလ ၁၄ ရက်နေ့မှ ၂၇ ရက်နေ့အထိ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအသီးသီး၌ အသက်ကိုးလမှ ငါးနှစ်အောက် ကလေးငယ်များအား ဝက်သက်ကာကွယ်ဆေးများ ထိုးနှံပေးခဲ့သည်။

ယနေ့အချိန်အခါတွင် ကျန်းမာရေးဝန်ကြီးဌာနက ပြည်သူ့ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို တိုးမြှင့်ဖြည့်ဆည်းပေး လျက်ရှိရာ ပြည်သူများအားလုံးက ပတ်ဝန်းကျင်သန့်ရှင်းရေး၊ တစ်ကိုယ် ရေ သန့်ရှင်းရေးလုပ်ငန်းများကို အလေးထား လိုက်နာဆောင်ရွက်ရင်း ရင်သွေးငယ်များ ကျန်းမာရေးအတွက် ကာကွယ်ဆေးထိုးခြင်းလုပ်ငန်း များအား အစဉ်ဂရုပြု ဆောင်ရွက်သွားကြရမည်ဖြစ်ပါသည်။ ။



ရန်ကုန်တိုင်း ဗဟန်းမြို့နယ် မိုးညှင်းဝိပဿနာတိုက်သစ်အတွင်းရှိ တည်ဆောက်ဆဲ ရွှေရတုစိန်တိုး ကျောင်းဆောင်တော်ကြီးအတွက် နှစ်ဖက်သော မိဘများအား အမှူးထား၍ ဗိုလ်ကြီးမြင့်ဦး-ဒေါ်သစ်သစ်ဦး၊ သား အောင်မျိုးကို မိသားစုတို့က ငွေကျပ် ခုနစ်သိန်းကို ကျောင်းဆောင်ဖြစ်မြောက်ရေးအဖွဲ့ဝင် ဗိုလ်မှူးကြီးဘုန်းမြင့်(ငြိမ်း)ထံသို့ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

## မြန်မာ့မီးရထား အငြိမ်းစားများအသင်း နှစ်ပတ်လည်အစည်းအဝေးကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၃

မြန်မာ့မီးရထား အငြိမ်းစားများအသင်း နှစ်ပတ်လည် အစည်းအဝေးကို ဖေဖော်ဝါရီ ၁၇ ရက်(စနေနေ့) မွန်းတည့် ၁၂ နာရီတွင် မြန်မာ့မီးရထားရုံးချုပ် အမှတ် ၃၅၇/၃၆၁၊ ကုန်သည်လမ်း၊ ရန်ကုန်မြို့တွင် ကျင်းပမည်ဖြစ်၍ အသင်းဝင်များ မပျက်မကွက်တက်ရောက်ကြပါရန် ဖိတ်ကြားထားကြောင်းသိရသည်။**(က-ပ)**

# လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန လုပ်ငန်းညှိနှိုင်းအစည်းအဝေး ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေ တက်ရောက်အမှာစကားပြောကြား

နေပြည်တော် ဖေဖော်ဝါရီ ၃

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေ တက်ရောက်၍ အမှာစကားပြောကြားသည်။**



ယင်းလုပ်ငန်းအစည်းအဝေးသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်၊ လူမှုဝန်ထမ်းဦးစီးဌာန၊ မီးသတ်ဦးစီးဌာနနှင့် ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာနတို့မှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်၊ ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများ၊ ပြည်နယ်နှင့်တိုင်း ဦးစီးဌာနမှူးများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေက အမှာစကားပြောကြားရာတွင် မိမိတို့ဝန်ကြီးဌာနသည် လူမှုရေးလုပ်ငန်းများကို ဆောင်ရွက်ပေးရသည့်ဌာနဖြစ်သည်နှင့်အညီ ပြည်သူများနှင့် ဆက်ဆံရာ၌ မိမိတို့ဌာန၏ လုပ်ငန်း ဆောင်ရွက်ချက်များအပေါ် အထင်မမှားအောင် ဆောင်ရွက်သွားကြရန်နှင့် ပြည်သူများ၏ ယုံကြည်လေးစားမှုကို ပိုမိုရရှိအောင် လူမှုရေးအသင်းအဖွဲ့များနှင့်လည်း ပူးပေါင်းလက်တွဲ၍ ပြည်သူ့အကျိုးပြုလုပ်ငန်းများကို ဆောင်ရွက်သွားကြရန် လိုကြောင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ဒေသအာဏာပိုင်များ၏ ဦးဆောင်မှုဖြင့် ဒေသခံတိုင်းရင်းသားများနှင့် တက်တက်ကြွကြွ ပူးပေါင်း ဆောင်ရွက်သွားကြရန် လိုကြောင်း၊ ရင်သွေးငယ်များအား ပြုစုပျိုးထောင် လေ့ကျင့်ပေးရာတွင်လည်း နိုင်ငံတော်က အားထားရမည့် နိုင်ငံ့သားကောင်းများ ပေါ်ထွန်းလာရေးအတွက် သွန်သင်ဆုံးမ ဆောင်ရွက်သွားကြရန် အလေးထားမှာကြားလိုကြောင်း၊ ဌာနဆိုင်ရာအကြီးအကဲများ၊ တာဝန်ရှိသူ အဆင့်ဆင့်ကလည်း ကြပ်မတ်ဆောင်ရွက်သွားကြရန် လိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် လူမှုဝန်ထမ်းဦးစီးဌာနနှင့် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနတို့မှ ပြည်နယ်နှင့်တိုင်း ဦးစီးဌာနမှူးများက မိမိတို့ပြည်နယ်နှင့်တိုင်းအလိုက် လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ လူမှုဝန်ထမ်း ဦးစီးဌာန၊ မီးသတ်ဦးစီးဌာနနှင့် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဦးစီးဌာနတို့မှ ညွှန်ကြားရေးမှူးချုပ်များက မိမိတို့ ဦးစီးဌာနအလိုက် လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ခြုံငုံသုံးသပ်တင်ပြကြသည်။

ယင်းနောက် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်က လူမှုဝန်ထမ်း ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၏ လုပ်ငန်းဆောင်ရွက်ချက် အကောင်အထည်ဖော်နိုင်မှုနှင့် စပ်လျဉ်း၍ ခြုံငုံသုံးသပ်ပြီး လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေက နိဂုံးချုပ် အမှာစကား ပြောကြားကာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ညနေပိုင်းတွင် ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်မောင်မောင်ဆွေ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည် နေရာချထားရေးဝန်ကြီးဌာန၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကား ပြောကြားစဉ်။** (သတင်းစဉ်)



**ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီက ကျန်းမာရေးနှင့် ညီညွတ်သောစားသောက်ဆိုင်များရှိသည့် အခြေခံပညာကျောင်းများအား ဂုဏ်ပြုဆု ချီးမြှင့်ခြင်းအခမ်းအနားကို ဖေဖော်ဝါရီ ၂ရက်ကမြို့တော်ခန်းမ၌ ကျင်းပရာ ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီအတွင်းရေးမှူး ဦးတင်စိုး တံခွန်စိုက်ဆုရရှိသော လသာမြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်အုန်းမြင့်အား ဆုချီးမြှင့်စဉ်။** (က-ပ)




**ဇန်နဝါရီ ၂၁ ရက်က မြောင်းမြမြို့နယ်အသင်း (ရန်ကုန်)နှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဗဟန်းမြို့နယ်၊ ရွှေတိဂုံဘုရားလမ်း၊ ရောဝတီတိုင်းခန်းမ၌ ကျင်းပရာ တက္ကသိုလ်ဝင် စာမေးပွဲတွင် ဂုဏ်ထူးဖြင့် အောင်မြင်ကြသော ကျောင်းသား၊ ကျောင်းသူ များအား ပိုလိုဆေးတိုက်နှင့် ပိုလိုညှော့ရိပ်သာပိုင်ရှင် ဟာဂျီဦးတင်ရွှေ ထပ်ဆင့်ဂုဏ်ပြုဆု ချီးမြှင့်ပေးအပ်စဉ်။** (၅၂၉)

# အနာကြီးရောဂါကင်းဝေးနေစေဖို့ ဆက်လက်ကြိုးပမ်းဆောင်ရွက်စို့

ဒေါက်တာကျော်မြင့်
(အနာကြီးရောဂါတိုက်ဖျက်ရေး စီမံချက်မန်နေဂျာ)

မြန်မာနိုင်ငံတွင် နိုင်ငံသားတိုင်း သက်တမ်းစေ့ အသက်ရှည်စွာ နေနိုင်ရေးနှင့် ရောဂါကာကွယ်ရေးနှင့်ကုသရေးဟူသော ကျန်းမာရေး ဝန်ကြီးဌာန၏ ရည်မှန်းချက်များဖြင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း များကို နိုင်ငံတော်က အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ကြိုးစားအကောင် အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

ထိုသို့ ကြိုးစားဆောင်ရွက်ရာတွင် အမျိုးသားကျန်းမာရေးကော်မတီ၏ ဦးဆောင်လမ်းညွှန်မှုဖြင့် ကျန်းမာရေးဝန်ကြီးဌာနသည် ပြည်တွင်း၌ ဆက်နွယ်နေသော ဝန်ကြီးဌာနများ၊ လုပ်ငန်းအဖွဲ့အစည်းများနှင့် နိုင်ငံ တကာမှ အဖွဲ့အစည်းများနှင့် တက်ကြွစွာ ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပေသည်။

မြန်မာနိုင်ငံတွင် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအနက် မြန်မာနိုင်ငံအနာကြီး ရောဂါကင်းဝေးရေးလုပ်ငန်းကို ကြိုးစားအကောင် အထည်ဖော် ဆောင်ရွက်ခဲ့ရာ အထူးအောင်မြင်မှုရရှိခဲ့ပြီး ၂၀၀၃ခုနှစ် ဇန်နဝါရီလကုန်တွင် တစ်နိုင်ငံလုံး၌ အနာကြီးရောဂါကင်းဝေးပြီး ပြည်သူ့ ကျန်းမာရေးပြဿနာ မဖြစ်တော့သည့် အခြေအနေသို့ ရောက်ရှိခဲ့သည်။

ထို့ကြောင့် ရန်ကုန်မြို့တွင် ၂၀၀၃ခုနှစ် ဖေဖော်ဝါရီလ ၆ရက်မှ ၈ရက်နေ့အထိ ကျင်းပခဲ့သည့် တတိအကြိမ်မြောက် ကမ္ဘာလုံးဆိုင်ရာ အနာကြီးရောဂါကင်းဝေးရေးညီလာခံကြီးတွင် ကမ္ဘာ့ကျန်းမာရေး အဖွဲ့ဝင် နိုင်ငံများနှင့် စေတနာရှင်နိုင်ငံတကာအဖွဲ့အစည်းများရှေ့၌ မြန်မာနိုင်ငံသည် အနာကြီးရောဂါကို ပြည်သူ့ကျန်းမာရေးပြဿနာတစ်ရပ်အဖြစ်မှ ကင်းဝေး သည့်နိုင်ငံတစ်နိုင်ငံအဖြစ် အသိအမှတ်ပြုပြီးဖြစ်ကြောင်း ဂုဏ်ယူဝင့်ကြွားစွာ ကြေညာနိုင်ခဲ့ပြီးဖြစ်ပါသည်။

**အနာကြီးရောဂါသည် နှစ်ပေါင်းရာထောင်ချီပြီး ကုသရန် ဆေး မရှိခဲ့သော ဆေးပညာပြဿနာ (Medical Problem)၊ လူတစ်ဦးမှ တစ်ဦး ကူးစက်မှုကို ဟန့်တားနိုင်သော နည်းလမ်းမရှိသည့် ပြည်သူ့ ကျန်းမာရေးပြဿနာ (Public Health Problem)၊ ရောဂါကြောင့် ကိုယ်အင်္ဂါချွတ်ယွင်းပျက်စီး၍ ဝေဒနာရှင်လူသားများကို လူမှုဒုက္ခများစွာ ဖြစ်စေတတ်သော ပြဿနာ (Human Problem)များ ပေါ်ပေါက် စေခဲ့သော ရောဂါဆိုးကြီးတစ်ခုဖြစ်ပါသည်။**

အနာကြီးရောဂါသည် အခြားကူးစက်ရောဂါများကဲ့သို့ အသက် အန္တရာယ်ထိခိုက်နိုင်သော ရောဂါမဟုတ်ပါ။ သို့ရာတွင် ၎င်းရောဂါသည် အရေပြားနှင့် အာရုံကြောကို ထိခိုက်ပျက်စီးစေပြီး စောစောစီးစီး စနစ် တကျကုသမှု ခံယူခြင်းမရှိပါက ကိုယ်အင်္ဂါချွတ်ယွင်းပျက်စီးစေတတ်သော ရောဂါဖြစ်သဖြင့် ရောဂါကြောင့် ရုပ်ပျက်ဆင်းပျက်၊ ခန္ဓာကိုယ်ပျက်စီး မည်ကို လူတိုင်းကြောက်ရွံ့ကြသည်။ လူနာများကို ရွံ့ရှာကြသည်။ လင်နှင့် မယား၊ သားနှင့်အမိပင်ဖြစ်သော်လည်း ရောဂါဖြစ်လျှင်ရင်နာနာဖြင့် ရွာပြင် ထုတ်၊ မြို့ပြင်ထုတ် ခွဲခြားထားခဲ့ကြသည့် အစဉ်အလာသည် ဤရောဂါ တိုက်ဖျက်ရေးအတွက် အလွန်ကြီးမားလှသော အဟန့်အတားကြီး ဖြစ်ခဲ့ပါ သည်။

ဆေးပညာရှင်များ၏ ကြိုးပမ်းမှုဖြင့် ၁၉၄၁ ခုနှစ်တွင် Dapsone (ဒက်ပဆုံး)ဆေးကို အနာကြီးရောဂါ ကုသရာတွင် စတင်အသုံးပြု ခဲ့ပြီး လူနာများအတွက် မျှော်လင့်ချက်ရောင်ခြည်သမ်းခဲ့ရပါသည်။ ၁၉၆၄ ခုနှစ် တွင် Dapsone (ဒက်ပဆုံး) ဆေးမတိုးတော့သော ပြဿနာ စတင်ပေါ် ပေါက်လာပြီး လူနာများအတွက် ဆေးဝါးကုသရေး အခက်အခဲ ထပ်မံ ကြုံတွေ့ခဲ့ကြပါသည်။ ၁၉၈၂ ခုနှစ်တွင် ယခုလက်ရှိအသုံးပြုနေသော (Multi-Drug Therapy) MDT ဆေးပေါင်းကျွေးကုထုံးကို စမ်းသပ် အသုံးပြုနိုင်ခဲ့ရာ လူနာများ ခြောက်လမှ တစ်နှစ်အတွင်း ရောဂါ ပျောက်ကင်းအောင် ကုသပေးနိုင်ခဲ့ပြီဖြစ်ပါသည်။ ကမ္ဘာ့ကျန်းမာရေး အဖွဲ့ကြီးက ၁၉၈၂ ခုနှစ်မှစ၍ အနာကြီးရောဂါလူနာများကို MDT ကုထုံးဖြင့် ကုသရန် ထောက်ခံအတည်ပြုခဲ့ပါသည်။

မြန်မာနိုင်ငံတွင် အနာကြီးရောဂါ တိုက်ဖျက်ရေးလုပ်ငန်းကို ၁၉၅၂ ခုနှစ်မှ စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါသည်။ ကျေးရွာများ အရောက် ကွင်းဆင်း၍ လူနာများရှာဖွေပြီး Dapsone (ဒက်ပဆုံး) ဆေးတစ်မျိုးတည်း တိုက်ကျွေးမှုကို စတင်ဆောင်ရွက်ပေးခဲ့ပါသည်။ Dapsone ဆေး ယဉ်ပါးမှုပြဿနာ ဖြစ်ပွားခဲ့ရာမှ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ သတ်မှတ်ချက်ဖြစ်သော Multi-Drug Therapy (MDT) ကုထုံးကို ၁၉၈၆ ခုနှစ်မှ စတင်ဆောင်ရွက်ခဲ့ပါသည်။

၁၉၈၈ ခုနှစ်တွင် အနာကြီးရောဂါအဖြစ်များသော စစ်ကိုင်းတိုင်း အောက်ပိုင်း၊ မန္တလေး၊ မကွေး၊ ပဲခူး၊ ရန်ကုန်၊ ဧရာဝတီတိုင်းတို့တွင် တစ်ပြည်လုံး၏ ၈၅ ရာခိုင်နှုန်းသော လူနာများကို MDT ဆေး တိုက်ကျွေး နိုင်ခဲ့ပါသည်။ ၁၉၉၁ ခုနှစ်မှစ၍ MDT လွှမ်းခြုံမှု ပိုမိုကောင်းမွန်စေရန် အခြေခံကျန်းမာရေးဝန်ထမ်းများဖြင့် MDT ဆေးတိုက်ကျွေးခြင်းလုပ်ငန်းကို ပေါင်းစည်းဆောင်ရွက်ခဲ့ပါသည်။ ၁၉၉၅ ခုနှစ်တွင် တစ်ပြည်လုံးရှိ လူနာများ အားလုံး ရာခိုင်နှုန်းပြည့်နှင့် ၁၉၉၆ ခုနှစ်တွင် နယ်စပ်ဒေသပါမကျန် နယ်မြေလွှမ်းခြုံမှု ရာခိုင်နှုန်းပြည့်ရအောင် ဆောင်ရွက်ခဲ့ပါသည်။

**အနာကြီးရောဂါ ကင်းဝေးရေးလုပ်ငန်းများ အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် နိုင်ငံတော်အစိုးရ၏ အပြည့်အဝ ထောက်ခံအားပေးမှု၊ အမျိုးသားကျန်းမာရေးကော်မတီ၏ ဦးဆောင် လမ်းညွှန်မှု၊ ဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများ၏ ပံ့ပိုးကြီးကြပ် ပေးမှုတို့နှင့်အတူ ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဦးစီးဌာနအနေဖြင့် စီမံရေးရာကိစ္စများကို အားဖြည့်ဆောင်ရွက်ပေးနိုင်သကဲ့သို့ ကမ္ဘာ့ကျန်းမာရေး အဖွဲ့နှင့် အပြည်ပြည်ဆိုင်ရာ အနာကြီးရောဂါ ကူညီထောက်ပံ့ရေးအဖွဲ့ အစည်းများကလည်း လိုအပ်သော ပံ့ပိုးကူညီမှုများကို ထောက်ပံ့ပေးခဲ့ ကြပါသည်။**

ထို့အတူ ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ နီးနွယ်ဆက်စပ်နေသော ဌာနများအပြင် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ မြန်မာနိုင်ငံဆရာဝန်များအသင်း၊ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး စသည့် ပြည်တွင်းရှိ အစိုးရမဟုတ်သော အဖွဲ့အစည်းများကလည်း ဝိုင်းဝန်းကူညီ ပံ့ပိုးပေးခဲ့ကြပါသည်။

ထိုသို့ကူညီဆောင်ရွက်ရာတွင် အထက်ပါအဖွဲ့အစည်းများမှ သက်ဆိုင်ရာပုဂ္ဂိုလ်များနှင့်ပုဂ္ဂလိက ကဏ္ဍမှပုဂ္ဂိုလ်များပါဝင်သော အမျိုးသား အနာကြီးရောဂါကင်းဝေးရေး အရှိန်အဟုန်မြှင့်လုပ်ငန်းကော်မတီ (National Task Force)ကို ဖွဲ့စည်းပြီး အနာကြီးရောဂါကင်းဝေးရေး ရည်မှန်း ချက်ကို အောင်မြင်အောင် တက်တက်ကြွကြွ ဆောင်ရွက်နိုင်ခဲ့ပါသည်။

မြန်မာနိုင်ငံတွင် အနာကြီးရောဂါဖြစ်ပွားမှုအခြေအနေကို ပြန်ပြောင်း လေ့လာလျှင်–

၁၉၇၇ ခုနှစ်တွင် လူဦးရေတစ်သောင်းလျှင် ၈၆ ဒသမ ၂ ဦး
၁၉၈၇ ခုနှစ်တွင် လူဦးရေတစ်သောင်းလျှင် ၅၃ ဒသမ ၄ ဦး
၁၉၉၇ ခုနှစ်တွင် လူဦးရေတစ်သောင်းလျှင် ၂ ဒသမ ၉ ဦး
၂၀၀၆ ခုနှစ်တွင် လူဦးရေတစ်သောင်းလျှင် ၀ ဒသမ ၄၇ ဦး

အနာကြီးရောဂါလူနာဦးရေ သိသိသာသာကျဆင်းသွားပြီ ဖြစ်သော် လည်း တစ်နှစ်လျှင် လူနာသစ် ၃၀၀၀ ခန့် ထွက်ပေါ်နေဆဲဖြစ်သဖြင့် အနာကြီးရောဂါ တိုက်ဖျက်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ဆက်လက်ဆောင်ရွက်ရန် လိုအပ်နေပါသည်။

အနာကြီးရောဂါသည် ပြည်သူ့ကျန်းမာရေးပြဿနာတစ်ရပ်အဖြစ်မှ ကင်းဝေးပြီဆိုသော်လည်း ကုသရန်ကျန်ရှိနေသေးသော လူနာများ အောက်ပါ အတိုင်းရှိနေနိုင်ပါသည်–

**၁။ မြို့ပြဆင်ခြေဖုံးဒေသများ (Urban and Peri-urban Area)**
**၂။ အကြောင်းအမျိုးမျိုးကြောင့် ကျန်းမာရေးစောင့်ရှောက်မှုမရသော ချန်ထားခဲ့ရသောဒေသများမှ လူနာများ–ဥပမာ–ရွှေ့ပြောင်းသွား လာနေထိုင်သော လူအုပ်စုများ၊ ဝေးလံခက်ခဲသောဒေသများ**
**၃။ ရောဂါကြောင့် အရှက်အကြောက်ကြီးပြီး ပုန်းရှောင်နေသော လူနာ များ**
**၄။ နာတာရှည်ကူးစက်ရောဂါဖြစ်၍ ရောဂါကူးစက်ခံရပြီး ရောဂါ လက္ခဏာများ စတင်ပေါ်ပေါက်လာနေဦးမည်ဖြစ်သော လူနာ သစ်များ**

အဆိုပါ လူနာများအား ရှာဖွေဖော်ထုတ်ပြီး စောစီးစွာကုသနိုင်ရေး အတွက် စီစဉ်ဆောင်ရွက်ပေးနေသည့်အပြင် ဆက်လက်၍လည်း ဆောင်ရွက်ရမည်ဖြစ်ပါသည်။

အနာကြီးရောဂါလူနာများ စောစီးစွာ ရှာဖွေဖော်ထုတ်ကုသမှုခံယူ စေရန် အနာကြီးရောဂါ၏ ကနဦးလက္ခဏာများဖြစ်သော အရေပြား ပေါ်တွင် အဖြူကွက်/အနီကွက်စသည့်ထုံကျဉ်နေသော မသက်ာဖွယ် အကွက်တွေ့လျှင် နီးစပ်ရာကျန်းမာရေးဌာနသို့ မရှက်မကြောက် လာရောက် ပြသစေရန်လည်း အထူးအရေးကြီးပါသည်။

ထို့ကြောင့် ပြည်သူလူထုအတွင်း အနာကြီးရောဂါနှင့် ပတ်သက်သည့် ဗဟုသုတများ ဆက်လက်၍ ကျယ်ကျယ်ပြန့်ပြန့် သိရှိနေစေရန်အတွက် ကျန်းမာရေးပညာပေးလုပ်ငန်းများကိုလည်း ဆက်လက်ဆောင်ရွက်ရန် လိုအပ်ပါသည်။

၁၉၈၈ ခုနှစ်မှ ယခုအချိန်အထိ မြန်မာနိုင်ငံတွင် MDT ဆေးဝါးဖြင့် ကုသ၍ ရောဂါပိုးကင်းစင်ပြီး အခြားသူများသို့ ရောဂါကူးစက်မှုမရှိတော့ သော်လည်း ၎င်းတို့အနက်မှ ၃၀–၃၅ရာခိုင်နှုန်းခန့်သည် ကိုယ်အင်္ဂါမသန် မစွမ်းဖြစ်ပြီး လူမှုရေး၊ စီးပွားရေးဒုက္ခများနှင့် တွေ့ကြုံခံစားနေကြရပါသည်။ ၎င်းတို့အား ကိုယ်အင်္ဂါချွတ်ယွင်းမှု ပိုမိုမဆိုးရွားအောင် စောင့်ရှောက်ပေး ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးရန် လိုအပ်နေ ပါသည်။

အဆိုပါ လုပ်ငန်းများဆောင်ရွက်ရာတွင် ပြည်သူလူထုတစ်ရပ်လုံး ပူးပေါင်းပါဝင်ဆောင်ရွက်မှသာ အောင်မြင်မည်ဖြစ်ပါသည်။

ယခုနှစ်ကျင်းပမည့် စတုတ္ထအကြိမ်မြောက် အနာကြီးရောဂါ ကင်းဝေး ရေး အထိမ်းအမှတ်နေ့ ဆောင်ပုဒ်အဖြစ် **"အနာကြီးရောဂါကင်းဝေး နေစေဖို့၊ ဆက်လက်ကြိုးပမ်းဆောင်ရွက်စို့"** "Sustain Leprosy Control Activities ; Let's continue our efforts"ဟူ၍ သတ်မှတ် ထားပါသည်။

အနာကြီးရောဂါတိုက်ဖျက်ရေးလုပ်ငန်းတွင် ပြည်သူတစ်ရပ်လုံး အနေဖြင့်–

**၁။ အနာကြီးရောဂါကင်းဝေးရေးရည်မှန်းချက် အောင်မြင်မှုများအား ရေရှည်တည်တံ့အောင် ထိန်းသိမ်းထားရန်အတွက် လူနာသစ် များကို ဆက်လက်ရှာဖွေဖော်ထုတ်ကုသမှုလုပ်ငန်းများတွင် ပါဝင် ဆောင်ရွက်ရန်။**
**၂။ အနာကြီးရောဂါကို အခြားရောဂါများနည်းတူ ကျန်းမာရေးဌာန များတွင် မရှက်မကြောက် ပြသကုသမှုခံယူကြနိုင်စေဖို့အတွက် ကျန်းမာရေးပညာပေး လုပ်ငန်းများကို ဆက်လက်ပါဝင် ဆောင်ရွက်သွားရန်။**
**၃။ အနာကြီးရောဂါကြောင့် ကိုယ်လက်အင်္ဂါ မသန်မစွမ်းမဖြစ်ခင် ကြိုတင်ကာကွယ်ခြင်းနှင့် ဖြစ်နေဆဲ မသန်စွမ်းမှုများကို ပိုမို မဆိုးရွားအောင် ကာကွယ်ပေးခြင်းနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ရန်** တိုက်တွန်းရင်း ၆–၂– ၂၀၀၇နေ့ရက်တွင် ကျရောက်မည့် စတုတ္ထအကြိမ်မြောက် အနာကြီး ရောဂါကင်းဝေးရေး အထိမ်းအမှတ်နေ့ကို ကြိုဆိုဂုဏ်ပြု လိုက်ရပါသည်။ ။

## ငွေပေါ်ကျွန်း ဗုဒ္ဓဒူတ ရွှေတဝဂူတရားစခန်း

**ရန်ကုန် ဖေဖော်ဝါရီ ၃**

မိုးကုတ်ဆရာတော်ကြီး၊ မဟာစည်ဆရာတော်ကြီး၊ သဲအင်းဂူဆရာတော်ကြီး၊ လယ်တီဆရာတော်ကြီးများအား ကျေးဇူးပြု၊ ကျေးဇူးဆပ်သောအားဖြင့် စတုတ္ထအကြိမ် သာသနာပြန့် သစ္စာအဓိဋ္ဌာန် ဝိပဿနာကမ္မဋ္ဌာန်း တရားနာပွား အားထုတ်ပွဲကို ဖေဖော်ဝါရီ ၁၈ရက်မှ၂၂ရက်အထိ မြောက်ဥက္ကလာပ မြို့နယ် ဝေဘာဂီမြို့သစ် (၁)ရပ်ကွက် အနော်ရထာလမ်းမကြီးနှင့် ဝေဘာဂီလမ်းမ၌ (ရွှေတဝဂူ ဝိပဿနာတိုက်)၌ ကျင်းပမည်ဖြစ်ရာ ဖေဖော်ဝါရီ ၁၇ ရက် အရောက် လာရောက်ကြရမည်ဖြစ်သည်။

ဆက်သွယ်လိုပါက ဦးတင်ရီ ဖုန်း–၀၉–၅၁–၃၇၄၅၅၊ ဦးစန္ဒိမာ ဖုန်း–၂၉၂၄၅၁၊ ငွေဟိန်းမင်း ဖုန်း–၀၉–၅၁–၈၀၈၁၁ နှင့် ဦးအောင်သာငြိမ်း၊ ၁၂/၁၁ ရပ်ကွက်၊ မေတ္တာလမ်းမ၊ တောင်ဥက္ကလာပတို့သို့ ဆက်သွယ် စုံစမ်းနိုင်ကြောင်း သိရသည်။

(က–ပ)

## အထက(၂) သာယာဝတီ အာစရိယပူဇော်မည်

**ရန်ကုန် ဖေဖော်ဝါရီ ၃**

သာယာဝတီမြို့နယ် အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း (အောဂီအမ်)၏ တတိယအကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဖေဖော်ဝါရီ ၁၂ ရက် (ပြည်ထောင်စုနေ့)နံနက်၉ နာရီတွင် အဆိုပါကျောင်း အစည်းအဝေး ခန်းမတွင် ကျင်းပမည်ဖြစ်၍ ပညာ သင်ကြားပေးခဲ့သော အသက်(၆၀)နှစ် အထက် ဆရာ၊ ဆရာမကြီးများ ဆက်သွယ်ပါရန်နှင့်ကျောင်းသူ၊ကျောင်းသား ဟောင်းများအနေဖြင့် အလှူငွေများကို ရန်ကုန်မြို့တွင် ဆရာကြီး ဦးစောလယ်ဝါး ဖုန်း–၆၄၀၀၈၄၊ ဒေါ်စုစုခိုင် ဖုန်း–၅၄၁၇၉၁၊ ဦးသက်မော်ဦး ဖုန်း–၂၉၂၈၂၈၊ ဦးလေးလွင်(ကိုမောင်ပု) ဖုန်း–၇၀၆၈၆၇နှင့် သာယာဝတီမြို့တွင် ဦးစံသိန်း၊ ကျောင်းအုပ်ဆရာကြီး အထက(၂)သာယာဝတီ ဖုန်း–၀၅၅–၃၀၀၅၀၊ ဦးတုတု ဖုန်း–၀၅၅–၃၀၃၀၆၊ ဦးကျော်ကျော်ဦး ဖုန်း–၀၅၅–၃၀၃၂၇၊ ဒေါ်သန်းသန်းချို၊ ကျောင်းစုလမ်းနှင့် ဒေါ်အယ်ဗလင်းသန်း တိုက်ကျောင်းလမ်း၊ သာယာဝတီတို့ကို ဆက်သွယ်ပေးပို့ လှူဒါန်းနိုင်ကြောင်း သိရသည်။

(က–ပ)

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

**၄–၂–၂၀၀၇ (တနင်္ဂနွေနေ့)**

### နံနက်ပိုင်း

| | | |
|---|---|---|
| ၇း၀၀ | ၁။ | မြဝတီအဖွင့် |
| ၇း၀၅ | ၂။ | အဖွင့်သီချင်း |
| ၇း၁၀ | ၃။ | မျိုးချစ်တပ်မတော် |
| ၇း၂၀ | ၄။ | မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း |
| ၇း၃၀ | ၅။ | မြန်မာသံစဉ်ချိုနှာဝင် |
| ၇း၄၅ | ၆။ | မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ် |
| ၇း၅၀ | ၇။ | သာယာသီကြွေးခေတ်ဆန်းတေး |
| ၇း၅၅ | ၈။ | ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| ၈း၀၀ | ၉။ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၈း၁၀ | ၁၀။ | ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| ၈း၁၅ | ၁၁။ | **ဆရာတော်ဦးဃောသိတတရားတော် – ကံလေးမျိုးတရားတော်** |
| ၉း၁၅ | ၁၂။ | အပိတ်နှုတ်ဆက်စကား |
| ၉း၁၆ | ၁၃။ | ပြီးပါပြီ။ |

### နေ့လယ်ပိုင်း

| | | |
|---|---|---|
| ၁၂း၀၀ | ၁။ | မြဝတီအဖွင့် |
| ၁၂း၀၅ | ၂။ | အဖွင့်သီချင်း |
| ၁၂း၁၀ | ၃။ | မျိုးချစ်တပ်မတော် |
| ၁၂း၂၀ | ၄။ | သာယာသီကြွေးခေတ်ဆန်းတေး |
| ၁၂း၃၀ | ၅။ | **မြဝတီရုပ်မြင်ပေါ်က ရုပ်ရှင် – အက်ရှင်မင်းသမီးလေး** |
| ၁း၅၀ | ၆။ | ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| ၁း၅၅ | ၇။ | အပိတ်နှုတ်ဆက်စကား |
| ၂း၀၀ | ၈။ | ပြီးပါပြီ။ |

### ညပိုင်း

| | | |
|---|---|---|
| ၄း၀၀ | ၁။ | မြဝတီအဖွင့် |
| ၄း၀၅ | ၂။ | အဖွင့်သီချင်း |
| ၄း၁၀ | ၃။ | မျိုးချစ်တပ်မတော် |
| ၄း၂၀ | ၄။ | လက်စွမ်းပြဟန်ဂီတသံ |
| ၄း၃၀ | ၅။ | ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| ၄း၄၀ | ၆။ | ချိုမြလက်သံငြိမ့်ညောင်းဟန် |
| ၄း၅၀ | ၇။ | သာယာသီကြွေးခေတ်ဆန်းတေး |
| ၅း၀၀ | ၈။ | သံစဉ်များနှင့်ကမ္ဘာ |
| ၆း၀၀ | ၉။ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၆း၁၀ | ၁၀။ | နိုင်ငံတကာသတင်း |
| ၆း၂၀ | ၁၁။ | မိုးလေဝသသတင်း |
| ၆း၂၅ | ၁၂။ | ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| ၆း၃၀ | ၁၃။ | လျှပ်တစ်ပြက်ရိုက်ချက် |
| ၆း၄၅ | ၁၄။ | အံ့သြဖွယ်ရာဆပ်ကပ်ပညာ |
| ၇း၀၀ | ၁၅။ | **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း – မုန်တိုင်းကြားက ချစ်လိပ်ပြာ (အပိုင်း–၅)** |
| ၈း၀၀ | ၁၆။ | မြဝတီရုပ်မြင်သံကြားသတင်း |
| | ၁၇။ | ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| | ၁၈။ | ပဟေဠိနန်းတော် |
| | ၁၉။ | ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင် |
| | ၂၀။ | **ENGLISH PREMIER LEAGUE ဘောလုံးပွဲ - Tottenham Hotspur Vs Manchester United (Live)** |
| | ၂၁။ | သင့်အတွက်မနက်ဖြန် |
| | ၂၂။ | အပိတ်နှုတ်ဆက်စကား |
| | ၂၃။ | ပြီးပါပြီ။ |

# စိုက်ပျိုးရေးဆိုင်ရာ အကောက်ခွန်အဟန့်အတားများ အမေရိကန်လျှော့ချရန် အိန္ဒိယဝန်ကြီးပြောကြား

**မဒရစ် ဖေဖော်ဝါရီ ၂**

ဒိုဟာကုန်သွယ်မှုဆွေးနွေးပွဲ၏ လိုလားချက်နှင့်အညီ အမေရိကန်နိုင်ငံအနေဖြင့် လက်ရှိအခြေအနေ၌ ပြည်တွင်းလယ်သမားများအပေါ် အထောက်အပံ့ပြုနေသည့် လယ်ယာထောက်ပံ့မှု အမတော်ကြေးများကို ဖြတ်တောက်ပေးသင့်သည်ဟု အိန္ဒိယကုန်သွယ်ရေးဝန်ကြီး ကမဲလ်နတ်က ဇန်နဝါရီ ၂၇ ရက်တွင် ပြောကြားသည်။

**တင်သွင်း**

ဒါးဗိုစ်မြို့တွင် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ဝင်နိုင်ငံ ၂၀ကျော်ပါဝင်သည့် ပုံမှန်မဟုတ်သော အစည်းအဝေးတစ်ရပ်ကို ကျင်းပလျက်ရှိရာ ထိုအစည်းအဝေး၌ အထက်ပါအတိုင်းကို နတ်က ပြောကြားခြင်းဖြစ်သည်။ ဂျီ-၂၀အစည်းအဝေး လိုလားချက်များနှင့် နီးစပ်မှုရှိသော ဘက်ဆီသို့ ဦးတည်သည့် စိုက်ပျိုးရေးဆိုင်ရာ အကောက်ခွန်အဟန့်အတားများ လျှော့ချပေးရေး အဆိုသစ်ကို ဥရောပသမဂ္ဂက တင်သွင်းခဲ့သည်။

အမေရိကန်အနေဖြင့်လည်း အလားတူ လျှော့ချမှုမျိုးကို လုပ်ဆောင်လာလိမ့်မည်ဟု မိမိမျှော်လင့်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။ ဒိုဟာဆွေးနွေးမှု၏ အဆုံးသတ်ဆွေးနွေးချက်များသည် ဖွံ့ဖြိုးဆဲနိုင်ငံများဘက်မှ ဖွံ့ဖြိုးပြီးနိုင်ငံများဆီသို့ ကုန်စည်စီးဆင်းမှုကို ဦးတည်သင့်သည်ဟုလည်း၎င်းက ဖြည့်စွက်ပြောကြားသည်။

လာမည့် ဒိုဟာဆွေးနွေးပွဲသည် ဟိုမရောက်သည်မရောက်တဝဲလည်လည်ဖြစ်သည့် ဆွေးနွေးပွဲမျိုး မဟုတ်ဘဲ ထူးထူးခြားခြားထိုးဖောက်အဖြေရှာနိုင်မည့် ဆွေးနွေးပွဲမျိုးဖြစ်လာနိုင်မည်ဟု မျှော်လင့်ကြောင်း ၎င်းကဆိုသည်။ ဒိုဟာ ဆွေးနွေးပွဲသည် ဂျီနီဗာမြို့၌မကြာမီကာလ၌ ကျင်းပသွားရန်ရှိသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***



**ရုရှားနိုင်ငံ မော်စကိုမြို့အနီး ရေခဲနေသည့်မြစ်အတွင်း ငါးမျှားနေကြသူများကို ဖေဖော်ဝါရီ ၁ရက်က တွေ့ရစဉ်။**

*(ဓာတ်ပုံ-အင်တာနက်)*

# အကြမ်းဖက်တိုက်ခိုက်မှုအခြေအနေ ပိုမိုဆိုးရွားလာဟုဆို

**ဒါဗိုစ်(ဆွစ်ဇာလန်) ဖေဖော်ဝါရီ ၂**

အမေရိကန်ပြည်ထောင်စုတွင် စက်တင်ဘာ ၁၁ ရက် အကြမ်းဖက်တိုက်ခိုက်မှု ဖြစ်ပွားခဲ့သည့်နောက် ငါးနှစ်အကြာကာလတွင် အကြမ်းဖက်တိုက်ခိုက်မှုအခြေအနေသည် ပိုမိုဆိုးရွားလျက်ရှိနေကြောင်း အမေရိကန်အမိမြေလုံခြုံရေးဝန်ကြီး မိုက်ကယ်ချားတော့ဖ်က ကြာသပတေးနေ့တွင် ပြောကြားလိုက်သည်။

**အဆင့်မြင့်လာ**

အကြမ်းဖက်တိုက်ခိုက်မှု အခြေအနေသည် ပိုမိုဆိုးရွားလျက်ရှိနေကြောင်း၊ နည်းပညာမြင့်မားတိုးတက်လာသည်နှင့်အမျှ အကြမ်းဖက်တိုက်ခိုက်သည့်ပုံစံအဆင့်မြင့်လာကြောင်း ချားတော့ဖ်က ဒါဗိုစ်တွင် ကျင်းပသည့် ကမ္ဘာ့စီးပွားရေးဖိုရမ်အစည်းအဝေးတွင် ပြောကြားသည်။

၂၁ ရာစုတွင် ဖျက်အားပြင်းလက်နက်များကဲ့သို့သော အဆင့်မြင့် နည်းပညာသုံး လက်နက်များ အသုံးပြုနိုင်လာပြီဟု ချားတော့ဖ်က ဆက်လက်ပြောကြားသည်။

အကြမ်းဖက်တိုက်ခိုက်သူများလက်သို့ ဖျက်အားပြင်းလက်နက်များ မရောက်စေရန် တားဆီးနိုင်ရန်လိုအပ်ကြောင်း ၎င်းက ပြောကြားသည်။

***အမ်အင်အေ၊ ရိုက်တာ။***

**နယ်သာလန်နိုင်ငံ အိုင်ဂျမူဒင်ဒေသရှိ အင်ဂလို-ဒတ်ကောရပ် သံမဏိကုမ္ပဏီ သိုလှောင်ရုံ တစ်နေရာကို ဖေဖော်ဝါရီ ၁ ရက်က တွေ့ရစဉ်။** *(ဓာတ်ပုံ-အင်တာနက်)*



**ကြေးမုံ The Mirror နိုင်ငံခြားသတင်းများ**

# ဖူဂျီယာမာတောင်နှင့် လေးနေရာ ကမ္ဘာ့ယဉ်ကျေးမှု အမွေအနှစ်သတ်မှတ်မည်

**တိုကျို ဖေဖော်ဝါရီ ၂**

ဖူဂျီယာမာတောင်နှင့်အခြားနေရာလေးနေရာတို့ကို ကုလသမဂ္ဂပညာရေး၊ သိပ္ပံနှင့်ယဉ်ကျေးမှုအဖွဲ့ (ယူနက်စကို)၏ ကမ္ဘာ့ယဉ်ကျေးမှု အမွေအနှစ်နေရာများစာရင်းတွင် ထည့်သွင်းနိုင်ရန် ဂျပန်နိုင်ငံက စီစဉ်လျက်ရှိကြောင်း ကျိုဒို သတင်းဌာနက တနင်္လာနေ့တွင် ဖော်ပြသည်။

ဂျပန်နိုင်ငံ၏အမြင့်ဆုံးဖူဂျီယာမာတောင်၊ နာဂါဆာကီခရစ်ယာန်ဘုရားရှိခိုးကျောင်းနှင့် ဂန်မာပြည်နယ်ရှိ တိုမီယိုကာ ပိုးထည်စက်ရုံ၊ နာရာပြည်နယ်ရှိ အဆူကာ ရှေးဟောင်းကျေးရွာ တစ်ဝိုက်ရှိအဆောက်အအုံများနှင့်အိုဂါဆာဝါရာ ကျွန်းစုများကို သဘာဝအမွေအနှစ်စာရင်းတွင် ထည့်သွင်းမည်ဖြစ်သည်။

အဆိုပါ နေရာများကို ယဉ်ကျေးမှု အမွေအနှစ် စာရင်းတွင် ယာယီထည့်သွင်းရန် သဘောတူပြီးပါက အမွေအနှစ် စာရင်းတွင် မှတ်ပုံတင်ထားရန် ဂျပန်နိုင်ငံက ထောက်ခံမည်ဟု သိရသည်။

လက်ရှိတွင် ဂျပန်နိုင်ငံမှနေရာ ၁၀ နေရာကို ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းတွင် ထည့်သွင်းထားသည်။ ယင်းတို့တွင် ရှေးဟောင်းကျိုတိုမြို့မှ သမိုင်းဝင်ရုပ်တုများ၊ဟီရိုရှီးမားငြိမ်းချမ်းရေးကျောက်တိုင်၊ ရှာရာကာမီဆန်ချီ တောင်တန်း၊ ယာကူရှီးမားကျွန်းစုနှင့် ရှီရိတိုကိုဒေသတို့ ပါဝင်သည်။

***အမ်အင်အေ၊ဆင်ဟွာ။***

# ဘိုလီးဗီးယား၌ ရေလွှမ်းမိုး ၁၄ ဦးထက်မနည်း သေဆုံး

**လီမာ ဖေဖော်ဝါရီ ၂**

ဘိုလီးဗီးယားနိုင်ငံအရှေ့ပိုင်း၌ ရက်သတ္တပတ်အတန်ကြာ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေလွှမ်းမိုးမှုဖြစ်ပွားပြီး လူ ၁၄ဦးထက်မနည်း သေဆုံးခဲ့ကြောင်း အရပ်ဘက်ကာကွယ်ရေး ဒုတိယဝန်ကြီးဂွန်ဇလိုလူနာက သောကြာနေ့တွင် ပြောကြားသည်။

နိုင်ငံအရှေ့ပိုင်း ဆန်တာခရုဇ်ပြည်နယ်၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဂရန်ဒီမြစ်နှင့် ယင်း၏မြစ်လက်တက်များတွင် မြစ်ရေမြင့်တက်လာကြောင်းလာပက်ဇ်မြို့မှ ပေးပို့သည့်သတင်းများအရ သိရှိရသည်။ မိုးရွာသွန်းစဉ် လေပြင်းနှင့်မုန်တိုင်းများ တွဲပါလာသဖြင့် စိုက်ပျိုးမွေးမြူရေးခြံဟက်တာထောင်ပေါင်းများစွာ ရေလွှမ်းမိုးခံရပြီး အိမ်ခြေ ၁၀၀ခန့် ပျက်စီးသွားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***



# တရုတ်ဘာသာဖြင့် ထုတ်ဝေသော သတင်းစာကွန်ရက် ထူထောင်မည်

**ကွာလာလမ်ပူ ဖေဖော်ဝါရီ ၂**

မလေးရှားနိုင်ငံမှတရုတ်ဘာသာဖြင့် ထုတ်ဝေသည့် သတင်းစာတိုက်ပိုင်ရှင်သည် ကမ္ဘာတစ်ဝန်းတွင် တရုတ်ဘာသာဖြင့်ထုတ်ဝေသည့် သတင်းစာကွန်ရက်ကို တည်ထောင်ရန် ၎င်း၏ကြီးကြပ်မှုအောက်တွင် မီဒီယာကုမ္ပဏီအုပ်စုနှစ်ခုကို ပူးပေါင်းဖွဲ့စည်းမည် ဖြစ်ကြောင်း ကြာသပတေးနေ့တွင် ထုတ်ပြန်ကြေညာသည်။

**ပေါင်းစည်း**

ကမ္ဘာတစ်ဝန်း ပေါင်းစည်းယှက်နွယ်မှုနှင့်အတူ စီးပွားရေးလှုပ်ရှားမှုများကို ကမ္ဘာ့နိုင်ငံများ ပေါင်းစည်းလုပ်ကိုင်လာကြကြောင်း၊အင်တာနက်မီဒီယာသတင်းများ တိုးတက်ပေါ်ပေါက်လာမှုကြောင့် လူထုအတွက် သတင်းဖြန့်ချိမှုသည် အခြေတကျပြောင်းလဲလာပြီဖြစ်ကြောင်း မလေးရှားဆင်ချူး မီဒီယာကော်ပိုရေးရှင်းပိုင်ရှင် တီယွန်ဟီယူကင်းက ပြောကြားသည်။

တိုးတက်ပြောင်းလဲလာသောတရုတ်နိုင်ငံနှင့် သက်ဆိုင်နေသည့်သတင်းများသည် ကမ္ဘာတစ်ဝန်းရှိ ပြည်သူများ၏ အာရုံကို ဖမ်းစားနိုင်သည်ဟု ၎င်းက ဖော်ပြသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

**အီတလီနိုင်ငံ ဗင်းနစ်မြို့ရှိ ရှေးဟောင်း စိန့်မက်ဘုရားကျောင်းရှိ သမိုင်းဝင် ခေါင်းလောင်းထားရှိရာ မျှော်စင်ကို ဖေဖော်ဝါရီ ၁ရက်ကတွေ့ရစဉ်။**

*(ဓာတ်ပုံ-အင်တာနက်)*

# ရေနံနှင့်ဓာတ်ငွေ့သိုက်အသစ်များ အင်ဒိုနီးရှားနိုင်ငံတွင်ရှာဖွေတွေ့ရှိ

**ဂျကာတာ ဖေဖော်ဝါရီ ၂**

အင်ဒိုနီးရှားအစိုးရက ၂၀၀၆ ခုနှစ်အတွင်း ရေနံစူးစမ်းရှာဖွေမှုများပြုလုပ်ခဲ့ရာ ရေနံပီပါ ၁ ဒသမ ၂ ဘီလီယံထွက်ရှိနိုင်သည့် ရေနံတွင်းသစ် ၂၂ တွင်းကို တွေ့ရှိခဲ့ကြောင်း ဒေသဆိုင်ရာသတင်းမီဒီယာက ဗုဒ္ဓဟူးနေ့တွင် ဖော်ပြသည်။

ယင်းသို့စမ်းသပ်ရှာဖွေခဲ့ရာတွင် ရေနံတွင်း ၁၀တွင်းတွင်ဓာတ်ငွေ့ကုဗပေ ၁ ဒသမ ၄ ထရီလီယံ တွေ့ရှိခဲ့သည်ဟု ဘစ္စနက်စ်အင်ဒိုနီးရှား အမည်ရှိ စီးပွားရေးသတင်းစာက ရေးသားသည်။

ရေနံဓာတ်ငွေ့များ တွေ့ရှိမှုကြောင့် လောင်စာအရင်းအမြစ်များ ခြောက်ခန်းနေမှုကို အင်ဒိုနီးရှားအစိုးရက ကျော်လွှားနိုင်ရန် ကြိုးပမ်းရာတွင် အထောက်အကူဖြစ်စေမည်ဖြစ်သည်ဟု ရေနံနှင့်ဓာတ်ငွေ့လုပ်ငန်းမှ အကြီးအကဲ ဝါနီကာက ပြောကြားသည်။

အင်ဒိုနီးရှားနိုင်ငံရှိရေနံတွင်း ၁၀၄တွင်းမှ နေ့စဉ်ရေနံပီပါ ၁ ဒသမ သုည ၁သန်း ထွက်ရှိသည်။

၂၀၀၇ ခုနှစ်တွင် ရေနံပီပါနေ့စဉ် ၁ ဒသမ သုည ၅ သန်းထုတ်လုပ်ရန် လျာထားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

# အမေရိကန် စီအိုင်အေက အကြမ်းဖက်သမားများအား ဥရောပသို့သယ်ယူပို့ဆောင်နေမှု မှတ်တမ်းများ စပိန်တွင် လျှို့ဝှက်အဆင့်မှ ပယ်ဖျက်

မဒရစ် ဖေဖော်ဝါရီ ၂

**အကြမ်းဖက်တိုက်ခိုက်မှုများပြုလုပ်သည်ဟု သင်္ကာမကင်းဖြစ်ရသူများအား အမေရိကန်ဗဟိုထောက်လှမ်းရေး အေဂျင်စီ(စီအိုင်အေ)က လေယာဉ်ဖြင့် လွှန်းပြန်သယ်ယူနေသည့် ကိစ္စနှင့်စပ်လျဉ်းသည့် မှတ်တမ်းမှတ်ရာများကို စပိန်အစိုးရ ထောက်လှမ်းရေးဌာနအနေဖြင့် လျှို့ဝှက်မှတ်တမ်းများအဖြစ် သိမ်းဆည်းထားသည်။ ထိုသို့သတ်မှတ်ထားသည့် မှတ်တမ်းမှတ်ရာများကို လျှို့ဝှက်အဆင့်မှ ပယ်ဖျက်ရန် တရားသူကြီးက အမိန့်တစ်ရပ်ထုတ်ပြန်ကြောင်း တရားရုံးမှတာဝန်ရှိပုဂ္ဂိုလ်များက ဗုဒ္ဓဟူးနေ့တွင် ပြောကြားသည်။**

အကြမ်းဖက်သမားဟု မသင်္ကာသူများကို စီအိုင်အေက လေယာဉ်များဖြင့် သယ်ဆောင်ကာ စပိန်နိုင်ငံမှ မာလိုကာကျွန်းသို့ ပို့ဆောင်နေမှုနှင့် ပတ်သက်၍ ဥပဒေမဲ့ သို့တည်းမဟုတ် နှိပ်စက်ညှဉ်းပန်းမှု ရှိ၊ မရှိ ဆုံးဖြတ်ရန်အတွက် လွန်ခဲ့သည့်နှစ်က စတင်စုံစမ်းစစ်ဆေးရန် တရားရုံးချုပ် တရားသူကြီး မော်ရင်နိုက အမျိုးသားထောက်လှမ်းရေးဌာနသို့ အမိန့်တစ်ရပ်ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။

လူ ၅၀ တို့ကို ဥရောပဒေသရှိ အကျဉ်းထောင်များသို့ စီအိုင်အေက လေယာဉ်ဖြင့် ပို့ဆောင်နေပြီး ၎င်းအကျဉ်းသားများသည် ညှဉ်းပန်းနှိပ်စက်မှုဖြင့် ကြုံတွေ့နေရသည်ဟု ဥရောပပါလီမန်တွင် စုံစမ်းစစ်ဆေးရေးမှူးများက ပြောကြားသည်။

### ပါဝင်ဖွယ်ရှိ

စပိန်နိုင်ငံက ယင်းကိစ္စနှင့်ပတ်သက်၍ တိုက်ရိုက် သို့မဟုတ် သွယ်ဝိုက်၍ ပူးပေါင်းကြံစည်ရာတွင် ပါဝင်ဖွယ်ရှိသည်ဟု ဥရောပကောင်စီမှ စုံစမ်းစစ်ဆေးရေးမှူးတစ်ဦးက လွန်ခဲ့သည့်နှစ်က ပြောကြားခဲ့သည်။

***အမ်အင်အေ၊ရိုက်တာ။***

# ရိုမေးနီးယားတွင် နှင်းထူထပ်စွာကျ လမ်းများပိတ်ဆို့လျက်ရှိ

**ဘူခါရက် ဖေဖော်ဝါရီ ၂**

ရိုမေးနီးယားနိုင်ငံ၏ မြောက်ပိုင်းဒေသတစ်ဝန်းတွင် တနင်္ဂနွေနေ့ညက နှင်းမုန်တိုင်း တိုက်ခတ်သွားသဖြင့် မြေပြန့်နှင့် တောင်ထူထပ်ရာဒေသများတွင် လမ်းများပိတ်ဆို့သွားကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

တောင်ထူထပ်ရာ ဒေသများဖြစ်သည့် မာရမ်မြူရီ၊ ပီထရိုဆူရုတ်နေ၊ ဂူတေနှင့် တီဘာလိစ်တွင် နှင်းထုသည် စင်တီမီတာ ၈၀ မှ ၁၀၀ အထိရှိပြီး မြေပြန့်ဒေသများတွင် ၂၅ စင်တီမီတာနှင့် စင်တီမီတာ ၃၀ အထိ နှင်းများကျဆင်းခဲ့သည်။ ထိုနှင်းထုသည် နောက်ထပ်တစ်မီတာအထိ မြင့်မားလာနိုင်သည်ဟု သိရသည်။

မာရမ်မြူရီဒေသတွင် ယခုအခါ နှင်းထူထဲစွာ ကျရောက်လျက်ရှိပြီး တစ်ကီလိုမီတာအဝေးထက်ပို၍ မြင်နိုင်စွမ်းမရှိဟု သိရသည်။

တနင်္လာနေ့က နှင်းမုန်တိုင်း တိုက်ခတ်မှုကြောင့် တီယူတာတောင်ကြားရှိ လမ်းမကြီးတွင်သွားရေးလာရေး အခက်အခဲများ ဖြစ်ပွားခဲ့သည်။

ယင်းဒေသတွင် နှင်းမုန်တိုင်း တိုက်ခတ်နှုန်းသည် တစ်နာရီလျှင် ကီလိုမီတာ ၁၀၀ နီးပါးအထိရှိနေပြီး နှင်းထုသည် လမ်းမများတစ်လျှောက်တွင် တစ်မီတာခွဲနီးပါးအထိ ထူထပ်သည်ဟု အမျိုးသားလမ်းများဌာန အကြီးအကဲဖြစ်သူ ဆလာဗီတာက ပြောကြားသည်။***အမ်အင်အေ၊ဆင်ဟွာ။***



**အင်ဒိုနီးရှားနိုင်ငံ မြို့တော်ဂျကာတာ ဆင်ခြေဖုံးတွင် ရေဘေးဒုက္ခသည်များအား ရွှေ့ပြောင်းပေးနေသည်ကို ဖေဖော်ဝါရီ ၂ ရက်က တွေ့ရစဉ်။**

(ဓာတ်ပုံ/အင်တာနက်)

## ဗီယက်နမ်၌ရေယာဉ်နှစ်စင်းတိုက်မိ တစ်ဦးသေဆုံး၊သုံးဦးပျောက်နေ

**ဟနွိုင်း ဖေဖော်ဝါရီ ၂**

ဗီယက်နမ်နိုင်ငံတောင်ပိုင်း အန်ဂိုင်ပြည်နယ်တွင် သဲများတင်ဆောင်ထားသော တန်-၁၅၀ ရှိ ကုန်သယ်သင်္ဘောနှင့် အသေးစားသင်္ဘောတို့ တိုက်မိရာ အမျိုးသမီးတစ်ဦး သေဆုံးပြီး ၎င်း၏ခင်ပွန်းနှင့် ကလေးနှစ်ဦး ပျောက်ဆုံးကြောင်း ရမ်းပီပါအမည်ရှိ သတင်းစာက ဇန်နဝါရီ ၂၂ ရက်တွင် ရေးသားဖော်ပြထားသည်။

ဒေသဆိုင်ရာ ပုဂ္ဂလိကပိုင်လုပ်ငန်းသင်္ဘောနှင့် အန်ဂီအန်ပြည်နယ်မှအသက် ၂၉ နှစ်ရှိ ကာအိုဗန်ဟိုင် ပိုင်ဆိုင်သည့် သင်္ဘောတို့ ဇန်နဝါရီ ၂၁ ရက် နံနက်က တီအန်မြစ်အတွင်းတိုက်မိသည်။ အခင်းဖြစ်ပွားရာနေရာသို့ ကယ်ဆယ်ရေးအဖွဲ့ ရောက်ရှိသွားရာ ဟိုင်၏ ဇနီးသည်မှာ ရရှိထားသော ဒဏ်ရာဖြင့် သေဆုံးနေသည်ကို တွေ့ရှိရသည်။

***အမ်အင်အေ၊ ဆင်ဟွာ။***



**ပါကစ္စတန်နိုင်ငံ ကရာချိမြို့၌ တပ်ဖွဲ့ဝင်များ ကင်းလှည့်နေသည်ကို ဖေဖော်ဝါရီ ၁ ရက်က တွေ့ရစဉ်။**

*(ဓာတ်ပုံ-အင်တာနက်)*

# ဘရာဇီးရဲတပ်ဖွဲ့ နိုင်ငံတကာမူးယစ်ဆေးဝါးဂိုဏ်းကို ဖြိုခွင်း

ရီယိုဒီဂျနေရိုး ဖေဖော်ဝါရီ ၂

**တောင်အမေရိကဒေသမှ အမေရိကန်ပြည်ထောင်စု၊ ဥရောပသမဂ္ဂနှင့် အာဖရိကဒေသများသို့ ကိုကင်း မူးယစ်ဆေးဝါးမှောင်ခိုရောင်းဝယ်နေသည့် နိုင်ငံတကာ မူးယစ်ဆေးဝါး ရောင်းဝယ်ဖောက်ကားသည့် ဂိုဏ်းတစ်ဂိုဏ်းကို ဘရာဇီးရဲတပ်ဖွဲ့က အင်္ဂါနေ့တွင် ဖြိုခွင်းခဲ့သည်။**

ဘရာဇီးနိုင်ငံရှိ လက်ဘနွန်နိုင်ငံသားများ လုပ်ကိုင်နေသည့် ဖော်ပြပါဂိုဏ်းမှအဖွဲ့ဝင် ၁၉ ဦးကို ရဲတပ်ဖွဲ့က ပြည်နယ်ခြောက်ခုတွင် ထိုးစစ်ဆင်ကာ ဖမ်းဆီးခဲ့ခြင်းဖြစ်သည်ဟု ကြေညာချက်တွင် ဖော်ပြထားသည်။

ဖမ်းမိသူများတွင် အစိုးရထောက်လှမ်းရေးသမား ကီဟိုးဆိုသူပါဝင်ပြီး ၎င်းသည် ဂိုဏ်း၏ အဖွဲ့ဝင်အဖြစ် လှုပ်ရှားနေသည်ဟု သံသယမကင်းသူဖြစ်သည်။

ဂိုဏ်းခေါင်းဆောင်ဖြစ်သူ နာဆရယ်လာကို ဗာလင်ဟိုဒေသရှိ ၎င်း၏အိမ်တွင် ရဲကဖမ်းဆီးလိုက်သည်။

ရဲတပ်ဖွဲ့က မော်တော်ယာဉ် ၁၅ စီး၊ လေယာဉ်နှစ်စင်းနှင့် အမေရိကန်ဒေါ်လာ ၅၀၂၀၀ တို့ကိုလည်း ဖမ်းဆီးခဲ့သည်။

ရဲတပ်ဖွဲ့က အဆိုပါဂိုဏ်းကို သတင်းအရ နောက်ယောင်ခံလိုက်နေသည်မှာ နှစ်နှစ်ရှိပြီဖြစ်သည်။ ပေါ်တူဂီ၊ စပိန်၊ ဘယ်လ်ဂျီယံတို့အကူအညီဖြင့် ဘရာဇီးရဲတပ်ဖွဲ့က ပူးပေါင်းဆောင်ရွက်ကာ လူ ၅၄ ဦးကို ဖမ်းဆီးပြီး ကိုကင်း ၃ ဒသမ ၄ တန်ကို သိမ်းဆည်းနိုင်ခဲ့သည်။ ***အင်အင်အေ၊ဆင်ဟွာ။***




# အမေရိကန်တွင် ရေနံအရောင်းဆိုင် ပေါက်ကွဲမှုဖြစ်ပွား

**ဝါရှင်တန် ဖေဖော်ဝါရီ ၂**

အမေရိကန်နိုင်ငံ အနောက် ဗာဂျီးနီးယားပြည်နယ်ရှိ ရေနံနှင့်ဓာတ်ငွေ့ အရောင်းဆိုင်တစ်ဆိုင်တွင် ဇန်နဝါရီ ၃၀ ရက်က ပေါက်ကွဲမှုဖြစ်ပွားရာ လူလေးဦး သေဆုံးပြီး အခြားကိုးဦး ပြင်းထန်စွာ ဒဏ်ရာရရှိသွားကြောင်း စီအင်န်အင်န်သတင်းဌာနက ပြောကြားသည်။

လောင်စာယိုစိမ့်မှုများရှိနေကြောင်း သတင်းရရှိသည့်အတွက် မီးသတ်ကားများသည် ရေနံနှင့်ဓာတ်ငွေ့ဆိုင်ရှိရာသို့ သွားရောက်ခဲ့ကြသည်။ မီးသတ်ကားတစ်စီးဆိုင်သို့ ရောက်လျှင်ရောက်ချင်း ပရိုပိန်းဓာတ်ငွေ့ ပေါက်ကွဲမှုဖြစ်ပွားခဲ့သည့်ကိစ္စကို အာဏာပိုင်များက သံသယရှိနေကြကြောင်း သတင်းကဖော်ပြသည်။

ယင်းပေါက်ကွဲမှုကြောင့် ဓာတ်ငွေ့ဆိုင်မှာ ပြိုကျသွားခဲ့ရပြီး ပေါက်ကွဲသံကို တစ်မိုင်ခန့်အကွာမှပင် ကြားရသည်ဟု ဆိုသည်။

***အမ်အင်အေ၊ဆင်ဟွာ။***

# အီရတ်နိုင်ငံ အနောက်ပိုင်းဒေသတွင် လူသေအလောင်းအချို့ တွေ့ရှိ

**ဘဂ္ဂဒက် ဖေဖော်ဝါရီ ၂**

အီရတ်ရဲတပ်ဖွဲ့လှည့်ကင်းက မည်သူမည်ဝါမှန်းမသိရသော အလောင်း ၁၅ လောင်းကို ဖလူးဂျာမြို့တွင် ဗုဒ္ဓဟူးနေ့က တွေ့ရှိခဲ့ကြောင်း ဒေသဆိုင်ရာ ရဲတပ်ဖွဲ့သတင်းရပ်ကွက်က ပြောကြားသည်။

**စစ်ဆေး**

၎င်းအလောင်းများတွင် ကျည်ဆန်ရာများရှိနေပြီး ကြိုးဖြင့်တုပ်နှောင်ထားကာ မျက်စိကိုအဝတ်ဖြင့်စည်းထားသည်ကို တွေ့ရှိရသဖြင့် နှိပ်စက်ညှဉ်းပန်းခံထားရဖွယ်ရှိကြောင်း အီရတ်ရဲတပ်ဖွဲ့ကဆိုသည်။ ၎င်းအလောင်းများကို စစ်ဆေးရန် ရင်ခွဲရုံသို့ ပို့ထားခဲ့သည်ဟု သတင်းရပ်ကွက်က ဆက်လက်ပြောကြားသည်။

သီးခြားဖြစ်ရပ်တစ်ခုတွင် အမေရိကန်တပ်ဖွဲ့ဝင်များက ဖလူးဂျာမြို့အနီးရှိ အယ်လ်-အန်နက်ဒေသတွင် နံနက်စောစောဝင်ရောက်စီးနင်းတိုက်ခိုက်ခဲ့ပြီး လူ ၁၀ ဦးကို ထိန်းသိမ်းခဲ့သည်ဟုဆိုသည်။

နေ့လယ်ပိုင်းတွင် အယ်လဆက်ကလောယီယာဒေသရှိ အမေရိကန်တပ်ဖွဲ့၏ စစ်ဌာနချုပ်အတွင်း စိန်ပြောင်းကျည်ခြောက်ခု ကျရောက်ပေါက်ကွဲခဲ့သည်ဟု ဖော်ပြပါသတင်းရပ်ကွက်က ပြောကြားသည်။

အမေရိကန်စစ်ဘက်က ယင်းဖြစ်ရပ်များကို အတည်ပြုပြောကြားခြင်းမရှိပေ။ ***အမ်အင်အေ၊ဆင်ဟွာ။***

**ဟင်းလျာများအား ချက်ပြုတ်ရုံသာမက ပိုးသတ်ကိရိယာအဖြစ်ပါ အသုံးပြုနိုင်သည့် မိုက်ကရိုဝေ့ဗ် မီးဖိုတစ်လုံးကို တွေ့ရစဉ်။**

*(ဓာတ်ပုံ-အင်တာနက်)*



# ကျိုင်းတုံဒီဂရီကောလိပ်ကို တက္ကသိုလ်အဆင့် တိုးမြှင့်ဖွင့်လှစ် တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင် တက်ရောက်အားပေး

နေပြည်တော် ဖေဖော်ဝါရီ ၃

**ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံဒီဂရီကောလိပ်အား ကျိုင်းတုံတက္ကသိုလ်သို့ အဆင့်တိုးမြှင့် ဖွင့်လှစ်ခြင်းအခမ်းအနားကို ဇန်နဝါရီ ၂၅ ရက် နံနက် ၉ နာရီခွဲက ကျိုင်းတုံတက္ကသိုလ်၌ ကျင်းပရာ အခမ်းအနားသို့ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အရှေ့ပိုင်း)ဥက္ကဋ္ဌ၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် မင်းအောင်လှိုင်၊ တပ်မတော်အရာရှိကြီးများ၊ အဆင့်မြင့်ပညာဦးစီးဌာန (အထက်မြန်မာပြည်) ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးစိုးမြင့်၊ ကျိုင်းတုံ တက္ကသိုလ် ဒုတိယကျောင်းအုပ်ကြီးနှင့် ပါမောက္ခ၊ ဌာနမှူးများ၊ ကျိုင်းတုံကွန်ပျူတာတက္ကသိုလ်နှင့် ကျိုင်းတုံနည်းပညာတက္ကသိုလ်တို့မှ ကျောင်းအုပ်ကြီးများ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ အလှူရှင်များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။**

### ဖဲကြိုးဖြတ်ဖွင့်လှစ်

ရှေးဦးစွာ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (အရှေ့ပိုင်း) အတွင်းရေးမှူး ဦးမြအောင်နှင့် အဆင့်မြင့်ပညာဦးစီးဌာန (အထက်မြန်မာပြည်) ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးစိုးမြင့်တို့က အခမ်းအနားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်က ကျိုင်းတုံတက္ကသိုလ်ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးကာ တာဝန်ရှိသူများနှင့်အတူ တက္ကသိုလ်ဆိုင်းဘုတ်အား အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးကြသည်။

ယင်းနောက် အခမ်းအနားကို ကျိုင်းတုံတက္ကသိုလ် ပင်မဆောင်၌ ဆက်လက်ကျင်းပရာ တိုင်းမှူးက ကျိုင်းတုံဒီဂရီကောလိပ်အား ကျိုင်းတုံတက္ကသိုလ်အဖြစ် အဆင့်တိုးမြှင့်ဖွင့်လှစ်ခြင်းနှင့် စပ်လျဉ်း၍ ဂုဏ်ပြုအမှာစကား ပြောကြားသည်။

ဆက်လက်၍ ကျိုင်းတုံတက္ကသိုလ် ဒုတိယကျောင်းအုပ်ကြီး ဦးချစ်ဆွေက ကျိုင်းတုံတက္ကသိုလ် ဖြစ်ပေါ်တိုးတက်လာမှုကို ရှင်းလင်းတင်ပြသည်။

### သောက်ရေသန့်စက်လှူဒါန်း

ထို့နောက် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (အရှေ့ပိုင်း)က လှူဒါန်းသည့် ငွေကျပ် ၁၂သိန်းခွဲတန်ဖိုးရှိ (RO) သောက်ရေသန့်စက်တစ်လုံးကို တိုင်းမှူးက ပေးအပ်ရာ အဆင့်မြင့်ပညာဦးစီးဌာန (အထက်မြန်မာပြည်) ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးစိုးမြင့်က လက်ခံရယူသည်။

ဆက်လက်၍ ကျိုင်းတုံတက္ကသိုလ် ဆရာ၊ ဆရာမများ ဝတ်စုံအတွက် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (အရှေ့ပိုင်း)က ငွေကျပ် ၂၇၅၀၀၀၊ မော်တော်ယာဉ်လိုင်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီမှ ငွေကျပ်နှစ်သိန်း၊ စက်သုံးဆီ ရောင်းဝယ်ရေး လုပ်ငန်းရှင်များက ငွေကျပ်နှစ်သိန်း၊ အငှားယာဉ်မော်တော်ဆိုင်ကယ်အသင်းက ငွေကျပ်နှစ်သိန်း၊ ဟိုတယ်လုပ်ငန်းရှင်များက ငွေကျပ်တစ်သိန်း၊ ဦးဝင်းမြင့်(ရှမ်းရိုးမ)က ငွေကျပ်တစ်သိန်း၊ ဦးစိုင်းပန်းကျောက်မိသားစုများက ငွေကျပ်တစ်သိန်း၊ ဦးသိန်းထိုက်(ဇော်ဆေးဆိုင်)မိသားစုက ငွေကျပ်ငါးသောင်း၊ ဦးကျော်တင့်(မြရတနာ)မိသားစုက ငွေကျပ်ငါးသောင်းဖြင့် စုစုပေါင်းအလှူငွေကျပ် ၁၂၇၅၀၀၀ကို အလှူရှင်များက ပေးအပ်လှူဒါန်းကြရာ ဒုတိယကျောင်းအုပ်ကြီးက လက်ခံရယူ၍ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ထို့နောက် ကျိုင်းတုံတက္ကသိုလ်ဖွင့်ပွဲ အထိမ်းအမှတ်အလံများကို ကျိုင်းတုံတက္ကသိုလ် ဒုတိယကျောင်းအုပ်ကြီးက တိုင်းမှူးနှင့် တာဝန်ရှိသူများအား ပေးအပ်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် တိုင်းမှူးသည် တာဝန်ရှိသူများနှင့်အတူ စာသင်ခန်းများအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ရှမ်းပြည်နယ်အရှေ့ပိုင်း ပြည်သူ့ ဆောက်လုပ်ရေးလုပ်ငန်းက တာဝန်ယူဆောင်ရွက်နေသော ကျိုင်းတုံ တက္ကသိုလ် နှစ်ထပ်စာသင်ဆောင် ဆောက်လုပ်မှုလုပ်ငန်းခွင်သို့ ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများ၏ လိုက်လံ ရှင်းလင်းတင်ပြချက်များအပေါ် တိုင်းမှူးက လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



# ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် ကင်ညာနိုင်ငံသို့ထွက်ခွာ

**နေပြည်တော် ဖေဖော်ဝါရီ ၃**

ပတ်ဝန်းကျင် ထိန်းသိမ်းရေး အမျိုးသားကော်မရှင်ဥက္ကဋ္ဌ၊ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် ကင်ညာနိုင်ငံ နိုင်ရိုဘီမြို့၌ ဖေဖော်ဝါရီ ၅ ရက်မှ ၉ ရက်အထိ ကျင်းပမည့် ကမ္ဘာ့ကုလသမဂ္ဂ ပတ်ဝန်းကျင်ဆိုင်ရာ အစီအစဉ် (UNEP)အုပ်ချုပ်မှုကောင်စီ၏ (၂၄)ကြိမ်မြောက် အစည်းအဝေးနှင့် ကမ္ဘာလုံးဆိုင်ရာ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးအဆင့် ဖိုရမ်တက်ရောက်ရန် ဖေဖော်ဝါရီ ၂ ရက် မွန်းလွဲပိုင်းတွင် နေပြည်တော်လေဆိပ်မှထွက်ခွာရာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ထွေးဦးနှင့် အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်တို့က လိုက်ပါပို့ဆောင်နှုတ်ဆက်ကြသည်။ **(အပေါ်ပုံ)**

ဝန်ကြီးနှင့် အတူအဖွဲ့ဝင်များအဖြစ် သစ်တောရေးရာဝန်ကြီးဌာန စီမံကိန်းနှင့် စာရင်းအင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန်းဆွေနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး အမျိုးသားကော်မရှင် အတွင်းရေးမှူး ဒေါက်တာစန်းဝင်းတို့ လိုက်ပါသွားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



**ရန်ကုန်အရှေ့ပိုင်း ခရိုင် သဃ်ၤန်းကျွန်း မြို့နယ် အမျိုးသမီးရေးရာ အဖွဲ့က ကြီးမှူး ကျင်းပသော မြန်မာ့ရိုးရာ ထမနဲ ထိုးပြိုင်ပွဲကို ဇန်နဝါရီ ၃၁ ရက်က မြို့ နယ် ခန်း မ ၌ ကျင်းပရာ ခရိုင် အမျိုးသမီး ရေးရာ ဥက္ကဋ္ဌ ဒေါ်သောင်းမြနှင့် အဖွဲ့ဝင်များ၊ မြို့နယ် အမျိုးသမီးရေးရာ အဖွဲ့ ဥက္ကဋ္ဌ ဒေါ်နန်းလီနှင့် အဖွဲ့ဝင်များ ကြည့်ရှု အားပေးစဉ်။** (၅၀၆)

# အထက(၁)ဖျာပုံ မြတ်ဆရာပူဇော်မည်

**ရန်ကုန် ဖေဖော်ဝါရီ ၃**

နှစ်စဉ် မြတ်ဆရာ ပူဇော်ပွဲ ဖြစ်မြောက်ရေးအဖွဲ့ (အထက-၁၊ ဖျာပုံ)မှ ကြီးမှူးကျင်းပသော (၁၅)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို ဧပြီ ၁ ရက် (တနင်္ဂနွေနေ့) နံနက် ၁၀နာရီတွင် ရန်ကုန်မြို့ ရွှေတိဂုံဘုရားလမ်း ကျားကူးကျောင်းတိုက်ဓမ္မာရုံတွင် ကျင်းပမည်ဖြစ်ရာ ကျောင်းသားဟောင်းများ မပျက်မကွက်တက်ရောက် ပူဇော်ကန်တော့ကြပါရန်နှင့် ကန်တော့ပွဲအတွက် အလှူငွေထည့်ဝင်လိုသူများနှင့် ဆရာကြီး၊ ဆရာမကြီးများအတွက် ဖွင့်လှစ်ထားသော ကျန်းမာရေးစောင့်ရှောက်မှု ရန်ပုံငွေသို့ ငွေလှူဒါန်းလိုသူများသည် ဦးခင်ဦး ဖုန်း-၅၁၄၈၇၉၊ ဦးကျော်ဆန်းနိုင် ဖုန်း-၅၈၄၈၈၁၊ ဒေါ်ခင်ဝင့်သော် ဖုန်း-၅၄၆၅၁၂၊ ဦးမြင့်ဦး ဖုန်း-၂၂၄၇၂၅၊ ဒေါ်မေမေလွင် ဖုန်း-၀၉၅၁-၅၃၄၁၄ နှင့် ဖျာပုံမြို့နယ်အသင်းတိုက် ဖုန်း-၃၉၂၁၇၆ တို့ထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

## ဇီဝမျိုးကွဲတွေ ကြွယ်စေဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့

# ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီး စတုတ္ထအကြိမ် ဘက်စုံပြုပြင်မွမ်းမံ တည်ဆောက်ရေးလုပ်ငန်းအတွက် အလှူငွေများ ထည့်ဝင်လှူဒါန်းနိုင်

ရန်ကုန် ဖေဖော်ဝါရီ ၃

**ရန်ကုန်တိုင်း ပုဇွန်တောင်မြို့နယ် ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီး၏ စတုတ္ထအကြိမ် ဘက်စုံပြုပြင်မွမ်းမံ တည်ဆောက်ရေးလုပ်ငန်းအဖြစ် အောက်ဖော်ပြပါ လုပ်ငန်းကြီး(၅)ရပ်ကို ဆောင်ရွက်သွားမည်ဖြစ်ပါသည်-**

(၁) စေတီတော်ကြီးအား ရွှေစင်ရွှေပြားနှင့် မျက်ပါးရွှေသင်္ကန်းများ ကပ်လှူခြင်း၊

(၂) မုခ်ဦးနှင့် မဟာရံတံတိုင်းတို့အား ဆေးသုတ်မွမ်းမံခြင်း၊

(၃) ရင်ပြင်တော်ကျောက်ပြားများ ပြုပြင်မွမ်းမံပြင်ဆင်ခြင်း၊

(၄) သာသနိကအဆောက်အအုံများ ပြုပြင်မွမ်းမံ ဆေးသုတ်ခြင်း၊

(၅) လျှပ်စစ်ပိုင်းဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

အဆိုပါလုပ်ငန်းကြီး(၅)ရပ်အတွက် စေတနာရှင်၊ ကုသိုလ်ရှင် ရဟန်းရှင်လူ ပြည်သူများအနေဖြင့် အလှူငွေများ ထည့်ဝင်လှူဒါန်း ကုသိုလ်ယူလိုပါက အောက်ပါဌာနများသို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်-

- ဦးခင်မောင်ဌေး၊ ညွှန်ကြားရေးမှူးချုပ်၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ ဖုန်း-၀၁-၅၃၅၅၅၃၊ ၅၃၅၈၀၀
- ဗိုလ်မှူးကြီးအောင်မျိုးမြင့်၊ ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့ရုပ်ရှင်လုပ်ငန်း၊ ဖုန်း-၀၁-၅၃၇၉၄၉၊ ၅၃၅၉၇၃
- ရွှေဘုန်းပွင့်စေတီတော်ဂေါပကအဖွဲ့၊ ပုဇွန်တောင်မြို့နယ်၊ ဖုန်း-၀၁-၂၉၀၄၂၅

**ရွှေဘုန်းပွင့်စေတီတော်**
**ဘက်စုံပြုပြင်မွမ်းမံတည်ဆောက်ရေး ဗဟိုကော်မတီ**

# မိုးကုတ် သံဝေဇနိယ နေ့တရားစခန်း

**ရန်ကုန် ဖေဖော်ဝါရီ ၃**

ဧရာဝတီတိုင်း လပွတ္တာမြို့နယ် ဘေးပေါက်ကျေးရွာ ဓမ္မာလင်္ကာရချောင်းဝကျောင်းတိုက်ဆရာတော် ဦးစက္ကိန္ဒ၏ ဩဝါဒကို ခံယူလျက် မိုးကုတ်သံဝေဇနိယ (နေ့) တရားစခန်းကို ဖေဖော်ဝါရီ ၁၅(ကြာသပတေးနေ့)မှ ၂၁ရက် (ဗုဒ္ဓဟူးနေ့) အထိ နေ့စဉ် နံနက် ၈နာရီမှ ညနေ ၅နာရီအထိ ကျင်းပမည်ဖြစ်သည်။

တရားစခန်းတွင် ဘေးပေါက်ချောင်းဝဆရာတော် ဦးစက္ကိန္ဒ၊ ရန်ကုန်မြို့ မူလကမ္ဘာအေးလေးဆရာတော် ဦးဝိမလနှင့် ဆရာမ ဒေါ်အေးခိုင်(ဆုထူးပန်အဘိဓမ္မာ)တို့က တရားတော် အနှစ်ချုပ်စာစောင်များ ဖြန့်ဝေ၍ ပေါင်းကူးရှင်းလင်းဆွေးနွေးမည်ဖြစ်ရာ တရားစခန်းဝင်လိုသူ ယောဂီများသည် အဆိုပါကျောင်းတိုက်သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (က-ပ)




# လှိုင်မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ စာပေဆုချီးမြှင့်ပွဲအခမ်းအနား ကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၃**

လှိုင်မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့က ကြီးမှူးကျင်းပသော ဦးမောင်မောင်(ရွှေစံအိမ်)စာပေဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉နာရီက လှိုင်မြို့နယ် အမှတ်(၁) အထက်တန်းကျောင်း ဘုရင့်နောင်ခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့(ဗဟို)မှ တာဝန်ရှိသူများ၊ လှိုင်မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်များ၊ မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ဝင်များ၊ မြို့နယ်ပညာရေးမှူးနှင့် ကျောင်းအုပ်ဆရာကြီး၊ ဆရာမကြီးများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့(ဗဟို)မှ အမျိုးသားစာပေဆုရ မောင်ခိုင်ခန့်၊ လှိုင်မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ဝင်း(မောင်သက်အောင်)၊ မြို့နယ်ပညာရေးမှူး ဒေါ်မြင့်ရီတို့က အမှာစကားပြောကြားပြီး စာပေဆုအလှူရှင်ဦးမောင်မောင်(ရွှေစံအိမ်)က လှူဒါန်းရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် အတွင်းရေးမှူး ဦးလင်းဇော်ခိုင်က ဆုရရှိသူများ၏ အမည်စာရင်းကို ကြေညာကာ အထက်တန်းအဆင့်၊အလယ်တန်းအဆင့် ဆုရရှိသူများနှင့် ၂၀၀၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် မြန်မာစာအမှတ်အများဆုံးနှင့် အင်္ဂလိပ်စာအမှတ်အများဆုံးရရှိသူ ကျောင်းသား၊ ကျောင်းသူများအား အလှူရှင် ဦးမောင်မောင်(ရွှေစံအိမ်)မိသားစုနှင့် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ကြောင်း သတင်းရရှိသည်။ **(အပေါ်ပုံ)** (မြို့နယ်စာပေ/စာနယ်ဇင်း)

# နိုင်ငံနှင့်ပြည်သူ့အကျိုးစီးပွား ဖြစ်ထွန်းစေမည့် သတင်းများ ရယူဖော်ပြ သတင်းစာများမှတစ်ဆင့် အနာဂတ်ကို ဦးဆောင်မည့် မျိုးဆက်သစ် လူ့စွမ်းအားအရင်းအမြစ်များ ပိုမိုပေါ်ထွန်းလာအောင် ဦးတည်ဆောင်ရွက်

ရန်ကုန် ဖေဖော်ဝါရီ ၃

**ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ယနေ့နံနက် ၈နာရီခွဲတွင် ရန်ကုန်မြို့ ကမ်းနားလမ်းရှိ The New Light of Myanmar သတင်းစာတိုက် အစည်းအဝေးခန်းမ၌ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းမှ တာဝန်ရှိသူများအား တွေ့ဆုံ၍ လုပ်ငန်းဆိုင်ရာများကို ဆွေးနွေးမှာကြားသည်။**

တွေ့ဆုံပွဲသို့ ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းမှ အထွေထွေမန်နေဂျာ၊ စာတည်းမှူးချုပ်များ၊ စာတည်းမှူးများ၊ စာတည်းများ၊ သတင်းထောက်မှူးများ၊ မန်နေဂျာများ၊ သတင်းထောက်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**ရှင်းလင်းတင်ပြ**

တွေ့ဆုံပွဲတွင် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းရှိ စာတည်းမှူးချုပ်များက လုပ်ငန်းဆောင်ရွက်မှု အခြေအနေများနှင့် လုပ်ငန်းလိုအပ်ချက်များကို ရှင်းလင်းတင်ပြကြပြီး အထွေထွေမန်နေဂျာ ဦးဝင်းတင်နှင့် ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးဝင်းတို့က လိုအပ်သည်များကို ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ဆွေးနွေးမှာကြားရာတွင် ယနေ့တွေ့ဆုံပွဲတွင် လက်တွေ့ လုပ်ငန်းဆောင်ရွက်နေသူများ၏ လုပ်ငန်းဆိုင်ရာတင်ပြချက်များအပေါ် ခြုံငုံသုံးသပ်ပြီး သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းမှ ထုတ်ဝေဖြန့်ချိနေသော သတင်းစာများ၏ အသွင်သဏ္ဌာန်နှင့် အနှစ်သာရ ပိုမိုတိုးတက် ကောင်းမွန်ရေးအတွက် ဆက်လက်ကြိုးပမ်းမြှင့်တင် ဆောင်ရွက်ရန်အချက်များကို မှာကြားလိုကြောင်း။

မိမိတို့သတင်းစာများသည် နိုင်ငံတော်၏မူဝါဒများနှင့် တိုင်းပြည်ခေတ်မီဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဖော်ဆောင်မှုများကို ပြည်သူလူထုနှင့် နိုင်ငံတကာမှ ပေါ်လွင်ထင်ရှားစွာ သိရှိနိုင်စေရန်အတွက် အဓိကထားပြီး ပြန်ကြားပေးနေခြင်း ဖြစ်ကြောင်း၊ ယင်းသို့ဆောင်ရွက်ရင်း တစ်ပြိုင်တည်းမှာပင် နိုင်ငံနှင့် ပြည်သူ့အကျိုးစီးပွား ဖြစ်ထွန်းစေမည့် သတင်းထူး၊ သတင်းဦးများ၊ သတင်းကဏ္ဍများကို ရယူစုဆောင်း ရေးသားဖော်ပြသွားရန် ဖြစ်ကြောင်း၊ သတင်းစာများမှတစ်ဆင့် အနာဂတ်ကို ဦးဆောင်မည့် မျိုးဆက်သစ် လူ့စွမ်းအား အရင်းအမြစ်များ ပိုမိုပေါ်ထွန်းလာအောင် ဦးတည်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

သတင်းစာများ၏ အသွင်သဏ္ဌာန်ကို သိက္ခာရှိရှိ၊ သမာဓိရှိရှိဖြင့် ဖော်ဆောင်ရမည်ဖြစ်သကဲ့သို့ အနှစ်သာရကိုလည်း စာဖတ်ပရိသတ် နှစ်သက် သဘောကျသည့် သတင်းများဖြင့် ညီညွတ်မျှတစွာ ပေါင်းစပ်ဖွဲ့စည်းဖော်ပြပေးသွားရမည် ဖြစ်ကြောင်း၊ ယင်းသို့ တိုးမြှင့်ဆောင်ရွက်နိုင်ရန်အတွက် လိုအပ်ချက်များကိုလည်း ဖြည့်ဆည်းပေးသွားမည်ဖြစ်ကြောင်း။

**တီထွင်ကြံဆ**

သို့ဖြစ်၍ တာဝန်ရှိသူအဆင့်ဆင့်တို့က တီထွင်ကြံဆ ကြိုးပမ်းဖော်ဆောင်သွားကြရန် ဖြစ်ကြောင်း စသည်ဖြင့် ဆွေးနွေးမှာကြားသွားသည်။

(သတင်းစဉ်)





**ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းမှ တာဝန်ရှိသူများအား လုပ်ငန်းဆိုင်ရာများ ဆွေးနွေးမှာကြားစဉ်။** (သတင်းစဉ်)



**သတင်းနှင့် စာနယ်ဇင်း လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးဝင်း ရှင်းလင်းတင်ပြစဉ်။** (သတင်းစဉ်)

## ရွှေဂုံဆရာတော် သစ္စာတရား ဟောကြားမည်

**ရန်ကုန် ဖေဖော်ဝါရီ ၃**

မကွေးတိုင်း အောင်လံမြို့နယ် သရက်မြို့ တည်ငြိမ်ကျောင်းတိုက်အတွင်း၌ မိုးကုတ်ဝိပဿနာ (၁၀)ရက်တရားစခန်းပွဲကို တပို့တွဲလပြည့်ကျော် ၈ရက်မှ တပေါင်းလဆန်း ၅ ရက် (ဖေဖော်ဝါရီ ၉ရက်မှ ၂၀ရက်)အထိ ကျင်းပမည်ဖြစ်သည်။ ယင်းတရားစခန်းပွဲကြီးကို ကျောင်းထိုင်ဆရာတော် ဘဒ္ဒန္တ ဝိဇယနှင့်အဖွဲ့ချုပ် ကမ္မဋ္ဌာနာစရိယ ကြံခင်းမြို့ ဘက်ရဲ ရွှေဂုံကျောင်း ဆရာတော် ဘဒ္ဒန္တ ဝါယာမိန္ဒ (ဓမ္မာစရိယ) အရှင်မြတ်တို့က ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓာပဋိစ္စသမုပ္ပာဒ်နှင့် သစ္စာလေးပါးတရားတော်များကို ဟောကြားမည်ဖြစ်ကြောင်း သိရသည်။ (က-ပ)

## စက်မှုလုပ်ငန်းခွင်ဆက်ဆံရေးဆိုင်ရာ နိုင်ငံအဆင့်ဆွေးနွေးပွဲ ဖွင့်ပွဲကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၃**

စက်မှုလုပ်ငန်းခွင်ဆိုင်ရာ အာဆီယံအစီအစဉ်အရ ကမ္ဘာလွှမ်းပတ်ဆက်နွယ်မှု၊ ဒေသတွင်းပေါင်းစည်းမှု၊ နည်းပညာဆန်းသစ်တီထွင်မှုနှင့် စက်မှုလုပ်ငန်းခွင် ဆက်ဆံရေးဆိုင်ရာ နိုင်ငံအဆင့် ဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁ ရက် နံနက် ၉နာရီတွင် ရန်ကုန်မြို့ ကုန်သည်ကြီးများဟိုတယ် Ball Room၌ ကျင်းပရာ အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်ကြည် တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

အခမ်းအနားသို့ သက်ဆိုင်ရာ ဝန်ကြီးဌာနအသီးသီးမှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၊ မြန်မာနိုင်ငံ စက်မှုကုန်ထုတ် လုပ်ငန်းရှင်များအသင်း၊ ဆောက်လုပ်ရေးလုပ်ငန်းရှင်များအသင်း၊ အထည်ချုပ်လုပ်ငန်းရှင်များအသင်း၊ မြန်မာ့စီးပွားရေးကော်ပိုရေးရှင်း၊ မြန်မာအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များအသင်းနှင့် စက်မှုဇုန်များမှ အလုပ်ရှင်နှင့် အလုပ်သမားကိုယ်စားလှယ်များ၊ လေ့လာသူများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဂျပန်နိုင်ငံသံရုံးမှ တာဝန်ရှိသူများ၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ ကိုယ်စားလှယ်၊ ဂျပန်နိုင်ငံ ကျန်းမာရေး၊ အလုပ်သမားနှင့် လူမှုဝန်ထမ်းဝန်ကြီးဌာနမှ ကိုယ်စားလှယ်နှင့် The ILO Association of Japan Inc မှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ရှေးဦးစွာ အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်ကြည်က အဖွင့်အမှာစကား ပြောကြားသည်။ ဆက်လက်၍ ဂျပန်နိုင်ငံ ကျန်းမာရေး၊ အလုပ်သမားနှင့် လူမှုဝန်ထမ်းဝန်ကြီးဌာနမှ ကိုယ်စားလှယ် Mr. Naoya Nishimoto က နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ဖွင့်ပွဲအခမ်းအနားအပြီးတွင် အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်ကြည်နှင့် တာဝန်ရှိသူများ အမှတ်တရဓာတ်ပုံရိုက်ကြပြီး ဆွေးနွေးပွဲကို နံနက် ၁၀ နာရီတွင် ဆက်လက်ကျင်းပကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

**ထူးခြားသည့် ညအပူချိန်များ**

**၃-၂-၂၀၀၇**

**ဟားခါး**
၅ ဒီဂရီစင်တီဂရိတ်

**ရန်ကုန်**
၁၆ ဒီဂရီစင်တီဂရိတ်

**ဇန်နဝါရီ ၁၄ ရက်က အစုလိုက် ဝက်သက်ရောဂါကာကွယ်ဆေး ထိုးနှံခြင်းကို မင်္ဂလာတောင်ညွန့်မြို့နယ် သပြေကုန်းရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ပြုလုပ်ရာ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဒေါ်ဥမ္မာမြင့်၊ ရပ်ကွက်ဥက္ကဋ္ဌ ဦးထွန်းထွန်းဦး၊ ရပ်ကွက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း စည်းရုံးရေးမှူး ဦးအုန်းမြင့်၊ ရပ်ကွက်မိခင်ကလေး ဥက္ကဋ္ဌ ဒေါ်သန်းသန်းမြင့်နှင့်အဖွဲ့ဝင်များက ကူညီဆောင်ရွက်ပေးစဉ်။** (၃၀)



## သီပေါမြို့နယ် ပညာရည်ချွန်ဆုချီးမြှင့်ပွဲ

**ရန်ကုန် ဖေဖော်ဝါရီ ၃**

ရန်ကုန်မြို့ရောက် သီပေါ မြို့နယ်သူ၊ မြို့နယ်သားများ စုပေါင်း၍ ၂၀၀၅-၂၀၀၆ ပညာသင်နှစ်တွင် တက္ကသိုလ်ဝင်စာမေးပွဲ၌ ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့ကြသော သီပေါမြို့မှ ကျောင်းသား၊ ကျောင်းသူများနှင့် ရန်ကုန်မြို့ရောက် သီပေါသူ၊ သီပေါသားများ၏ သား၊ သမီးများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲနှင့် သီပေါမြို့နယ်အသင်း(ရန်ကုန်) ဖွဲ့စည်းရေး အစည်းအဝေးကို ဖေဖော်ဝါရီ ၁၁ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် ကမ္ဘာ့ဧမ္မာရုံ ရွှေတိဂုံဘုရားအရှေ့ဘက်မုခ်အနီး ရေတာရှည်လမ်း၌ ကျင်းပမည်ဖြစ်သည်။ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မပျက်မကွက် တက်ရောက်ကြပါရန်နှင့် ဆရာမ ဒေါ်ခင်မေကြည် ဖုန်း-၆၉၀၁၅၄၊ ဦးဇော်ဝင်း ဖုန်း-၇၀၀၁၄၁၊ ၀၉-၅၀၀၀၈၇၂၊ ဒေါ်ခင်မာလာစိုး ဖုန်း-၅၇၃၄၀၆၊ ၀၉-၅၁၃၆၇၅၆ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ (က-ပ)

**တောင်ဥက္ကလာပမြို့နယ် အမှတ်(၃) အခြေခံပညာ အလယ်တန်းကျောင်း၏ ၂၀၀၅-၂၀၀၆ ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို ဇန်နဝါရီ ၂၁ရက်က ကျောင်းခန်းမတွင် ကျင်းပရာ ဆဋ္ဌမတန်းတွင် ပထမဆုရရှိသော မိယဉ်မွန်ဦးအား ကျောင်းအုပ်ဆရာကြီး ဦးထန်ဆွင်းဒါးလ် ဂုဏ်ပြုဆု ချီးမြှင့်စဉ်။** (၆၄)



❖ ရွှေဖုံးမှ

ပင်မတံတားအား RCC ကွန်ကရစ် ဆက်လက်သွန်းလောင်းမည့်အစီအစဉ်၊ ရေယူအဆောက်အအုံ(Power Intake) တည်ဆောက်နေမှု အခြေအနေများနှင့် စက်၊ ယာဉ်၊ ယန္တရားအခြေအနေများကို ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များမှာကြားသည်။ ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ပင်မတမံအမြင့် ၄၃၃ ပေအား CVC နှင့် RCC ကွန်ကရစ် ဆက်လက်သွန်းလောင်းရန် ပြင်ဆင်ထားမှုအခြေအနေ၊ ဝဲဘက်ကမ်းနှင့် ယာဘက်ကမ်းတို့၌ စိန်လွန်တူးခြင်း၊ ဘိလပ်မြေဖိသွင်းခြင်းလုပ်ငန်းများကိုလည်းကောင်း၊ စက်ရုံနေရာ ရေကာနံရံတည်ဆောက်ခြင်းလုပ်ငန်းများကိုလည်းကောင်း၊ ရေယူအဆောက်အအုံ (Power Intake) လုပ်ငန်းများကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် စီမံကိန်းရှုရပ်မှနေ၍ လုပ်ငန်းဆောင်ရွက်မှုအဆင့်ဆင့်နှင့် လုပ်ငန်းပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကြသည်။

အဆိုပါ ရဲရွာရေအားလျှပ်စစ်စီမံကိန်းမှာ မန္တလေးမြို့မှ ၃၁ မိုင်အကွာ ရဲယမန်းကျေးရွာအနီး၌ တည်ရှိပြီး ဧရာဝတီမြစ်အတွင်း စီးဝင်သည့် မြစ်ငယ်မြစ်အား တမံပိတ်၍ ရေအားလျှပ်စစ်ထုတ်ယူနိုင်ရန် တည်ဆောက်နေခြင်းဖြစ်သည်။

ရေလှောင်တမံအလျား ၂၂၆၄ပေ၊ တမံအမြင့် ၄၃၃ ပေရှိပြီး တစ်လုံးလျှင် ၁၉၇ ဒသမ ၄ မဂ္ဂါဝပ်ရှိ စက်လေးလုံး တပ်ဆင်သွားမည်ဖြစ်သည်။

ယခုအခါ တည်ဆောက်ရေးလုပ်ငန်းအားလုံး၏ ၃၅ ဒသမ ၈၇ ရာခိုင်နှုန်း ပြီးစီးနေပြီး စက်ရုံတစ်ခုလုံး ရာနှုန်းပြည့် တည်ဆောက်ပြီးစီးပါက တစ်နှစ်ပျမ်းမျှ ထုတ်လုပ်နိုင်မှုဓာတ်အားမှာ ကီလိုဝပ်နာရီသန်းပေါင်း ၃၅၅၀ ထုတ်လုပ်ပေးနိုင်မည်ဖြစ်ကြောင်း သိရှိရသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်နှင့် အဖွဲ့ဝင်များသည် ထုံးဘို-မြစ်ငယ်(ဒွေးလမ်း) ထုံးဘိုအပိုင်း နားဒွေင်းကျချောင်းသို့ ရောက်ရှိကြပြီး လမ်းပိုင်းအခြေအနေနှင့် မြေသားခင်းနေမှုကို ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ထုံးဘို-မြစ်ငယ်(ဒွေးလမ်း) ဖောက်လုပ်ရေး စီမံကိန်းရှင်းလင်းဆောင်သို့ ရောက်ရှိကြရာ လမ်းဖောက်လုပ်ရေးတာဝန်ခံ အေးရှားဝေါလ်ကုမ္ပဏီမှ လက်ထောက်မန်နေဂျာ ဦးလှတင်က ထုံးဘို-မြစ်ငယ်(ဒွေးလမ်း)ပိုင်းအား မြေကြီးတာပေါင်ဖို့ခြင်းနှင့် Level ညှိခြင်းလုပ်ငန်းပြီးစီးမှု၊ ရေပြွန်တည်ဆောက်ရေးလုပ်ငန်းများပြီးစီးမှု၊ အသုံးပြုသော စက်၊ ယာဉ်၊ ယန္တရားများ အခြေအနေတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ဒုတိယအင်ဂျင်နီယာချုပ် ဦးကြူဟင်းက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး လုပ်ငန်းများ သတ်မှတ်ကာလထက်စော၍ ပြီးစီးအောင် ဆောင်ရွက်သွားရေး မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့သည် ထုံးဘို-မြစ်ငယ်(ဒွေးလမ်း)အား မြေဖို့ထားရှိမှုကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ မြေသားလမ်းပြီးစီးမှု အခြေအနေများကို မော်တော်ယာဉ်ဖြင့် ဖြတ်သန်းကြည့်ရှုပြီး မိုင်တိုင်(၂)အနီးတွင် မြေညှိစက်၊ မြေသိပ်စက်တို့ဖြင့် မြေဝင်သိပ်သည်းမှုရရှိစေရန် ကြိတ်နင်းနေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ထုံးဘို-မြစ်ငယ်(ဒွေးလမ်း) မြစ်ငယ်ဘက်ထိပ်မှနေ၍ လမ်းဖောက်လုပ်ထားမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကြသည်။

အဆိုပါ ထုံးဘို-မြစ်ငယ်(ဒွေးလမ်း)သည် ၉ မိုင် ၃ ဖာလုံ ရှည်လျားပြီး ၇ မိုင် ၄ ဖာလုံမှာ မြေကြီးတာပေါင်ဖို့ခြင်းနှင့် Level ညှိခြင်း ၅၀ ရာခိုင်နှုန်းနှင့် ၁ မိုင် ၉ ဖာလုံမှာ ရာနှုန်းပြည့်ပြီးစီးနေပြီဖြစ်သည်။ ရေပြွန် Box Culvert ၁၄ခုအနက် ၁၃ ခုနှင့် တံတားခြောက်စင်းအနက် ငါးစင်း တည်ဆောက်ပြီးစီးနေပြီဖြစ်သည်။

မြေကြီးတာပေါင်ဖို့ခြင်းလုပ်ငန်းနှင့် Level ညှိခြင်းလုပ်ငန်းများကို ၂၀၀၇ ဧပြီလအတွင်း အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ရန်ကုန်-မန္တလေးကားလမ်း၊ ပြည်ကြီးတံခွန်မြို့နယ်၊ တံခွန်တိုင်တံတားမှ ကနောင်မင်းသားကြီးလမ်းထိ လမ်းလယ်ကျွန်းခြောက်ပေအပါအဝင် အရှည်ပေ ၈၅၀၀အား ကျောက်ခင်းနေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးရာ မန္တလေးမြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်က လမ်းချဲ့ထွင်ကျောက်ခင်းနေမှုနှင့် ကားလမ်းကူးတံတားသစ် တိုးချဲ့တည်ဆောက်မှုအခြေအနေများကို လိုက်လံရှင်းလင်းပြသသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် အစည်းအဝေးခန်းမ၌ မန္တလေးတိုင်းအတွင်းရှိ တိုင်းအဆင့်ဌာနဆိုင်ရာအကြီးအကဲများ၊ ခရိုင်နှင့်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများအား တွေ့ဆုံရာ ရှေးဦးစွာ တိုင်းအတွင်းရေးမှူး၊ ခရိုင်နှင့်မြို့နယ် ဥက္ကဋ္ဌများ၊ ဌာနတာဝန်ခံများက ဌာနအလိုက် လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို အသီးသီး ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘက်စုံ၊ ကဏ္ဍစုံမှ ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ဒေသအာဏာပိုင်အဖွဲ့အစည်းအဆင့်ဆင့်နှင့် ဌာနဆိုင်ရာများက လုပ်ငန်းကဏ္ဍအလိုက် အောင်မြင်အောင် အထူးကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်ကြီး(၅)ရပ် အောင်မြင်ရေး၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် မျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်အပြည့်ဖြင့် တက်ညီလက်ညီ ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ကြရန် မှာကြားလိုကြောင်း၊ ထို့အပြင် မိခင်ဌာနဆိုင်ရာလုပ်ငန်းတာဝန်များနှင့် ဒေသအာဏာပိုင်အဖွဲ့အစည်းအဆင့်ဆင့်တို့က ပေးအပ်လာသော လုပ်ငန်းတာဝန်များ ပြီးမြောက်အောင်မြင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ကြရန် လိုအပ်ကြောင်းဖြင့် ရှင်းလင်းမှာကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# နာယက တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်နှင့် ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော် ဖုန်ရင်ရေခဲတောင် တက်ရောက်ခဲ့ကြသည့် အသင်းဝင်လူငယ်များအားဂုဏ်ပြုပွဲသို့ တက်ရောက်

နေပြည်တော် ဖေဖော်ဝါရီ ၃

**မန္တလေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနာယက၊ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်နှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး လူငယ်တာဝန်ခံ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်တို့သည် ဇန်နဝါရီ ၂၈ ရက် ညနေပိုင်းတွင် မန္တလေးတိုင်း ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး၌ကျင်းပသော ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း လူငယ်ရေးရာလှုပ်ရှားမှု (ခြေလျင်နှင့်တောင်တက်)အဖြစ် အမြင့်ပေ ၁၄၁၀၀ ရှိ ဖုန်ရင်ရေခဲတောင်သို့ တက်ရောက်ခဲ့ကြသည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်လူငယ်များအား ဂုဏ်ပြုပွဲအခမ်းအနားသို့ တက်ရောက်ကြသည်။**

**ဂုဏ်ပြုအမှာစကား**

အခမ်းအနားတွင် မန္တလေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနာယက၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်နှင့် ဗဟိုအတွင်းရေးမှူး လူငယ်တာဝန်ခံ ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်တို့က ဂုဏ်ပြုအမှာစကား ပြောကြားကြသည်။

ထို့နောက် မြန်မာနိုင်ငံ ခြေလျင်နှင့် တောင်တက်အသင်းချုပ် အတွင်းရေးမှူး တောင်တက်အဖွဲ့ခေါင်းဆောင် ဒေါက်တာခင်မောင်က အမြင့်ပေ ၁၄၁၀၀ ရှိ ဖုန်ရင်ရေခဲတောင်သို့ တက်ရောက်ခဲ့မှု အတွေ့အကြုံများကို ရှင်းလင်းတင်ပြသည်။

**ဂုဏ်ပြုလက်ဆောင်**

ဆက်လက်၍ တိုင်းမှူးနှင့် ဗဟိုအတွင်းရေးမှူး လူငယ်တာဝန်ခံ ဝန်ကြီးတို့က ဂုဏ်ပြုလက်ဆောင်များ အသီးသီးပေးအပ်ရာ လူငယ်မောင်၊မယ်များကလက်ခံပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားကြသည်။

**အောင်မြင်စွာ တက်ရောက်**

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် ပြည်နယ်နှင့်တိုင်းများမှ လူငယ်မောင်၊မယ်များသည် ၂၀၀၇ ခုနှစ် ဇန်နဝါရီ ၁၅ ရက်မှ ၂၄ရက်အထိ ကချင်ပြည်နယ် ပူတာအိုခရိုင်ရှိ အမြင့်ပေ ၁၄၁၀၀ ရှိ ဖုန်ရင်ရေခဲတောင်သို့ တက်ရောက်ခဲ့ပြီး ယမန်နှစ်ကလည်း အမြင့်ပေ ၁၁၅၀၀ရှိ ဖုန်ကန်ရာဇီရေခဲတောင်သို့ အောင်မြင်စွာ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



**မှတ်တမ်းတင် ဓာတ်ပုံ**

**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် ပြည်နယ်နှင့်တိုင်းများမှ လူငယ်မောင်၊ မယ်များ ကချင်ပြည်နယ် ပူတာအိုခရိုင် ဖုန်ရင်ရေခဲတောင်ပေါ်တွင် မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြစဉ်။**
(ဆက်သွယ်ရေး)

# အသက်(၁၄)နှစ်အောက် အာရှဇုန်(၂) တင်းနစ်ပြိုင်ပွဲ အောင်ကျော်နိုင် ရွှေတံဆိပ်ဆွတ်ခူး

**ရန်ကုန် ဖေဖော်ဝါရီ ၃**

၂၀၀၇ ခုနှစ် ဇန်နဝါရီ ၂၆ရက်မှ ဖေဖော်ဝါရီ ၆ရက်အထိ ပါကစ္စတန်နိုင်ငံ အစ္စလမ်မာဘတ်မြို့၌ကျင်းပလျက်ရှိသော အသက်(၁၄)နှစ်အောက် အာရှဇုန်(၂) တင်းနစ်ပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ အောင်ကျော်နိုင် [ကမာရွတ်မြို့နယ် အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်း] က တစ်ဦးချင်းပြိုင်ပွဲတွင် ပထမရရှိပြီး ရွှေတံဆိပ်ဆုကို ဆွတ်ခူးသည်။ **(ယာပုံ)**



အမျိုးသားတစ်ဦးချင်း ဗိုလ်လုပွဲတွင် မြန်မာနိုင်ငံမှ မျိုးဆက်သစ်လူငယ်လက်ရွေးစင် အောင်ကျော်နိုင်(ကမာရွတ်မြို့နယ် အခြေခံပညာအထက်တန်းကျောင်း အမှတ်-၄)က ကမ္ဘောဒီးယားမှ Orn Sambath ကို ၆-၂၊ ၆-၃ ဖြင့် နှစ်ပွဲပြတ်အနိုင်ရရှိပြီး ပထမ ရွှေတံဆိပ်ဆုကို ဆွတ်ခူးခဲ့သည်။

အမျိုးသမီးတစ်ဦးချင်း တတိယဆုပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ ဇင်မာထွေးက သီရိလင်္ကာမှ Wije Singha ကို [(၇-၆-(၅)]၊ (၆-၂) ဖြင့် အနိုင်ရရှိပြီး တတိယဆုကို ဆွတ်ခူးနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

**၄-၂-၂၀၀၇ (တနင်္ဂနွေနေ့)**

| | |
|---|---|
| ၇း၀၀ | MRTV-4 အဖွင့် Logo ၊ ယနေ့အစီအစဉ် |
| ၇း၀၅ | အပြည်ပြည်ဆိုင်ရာထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ပါမောက္ခချုပ်ဆရာတော် ဘဒ္ဒန္တ ဒေါက်တာနန္ဒမာလာဘိဝံသ ဟောကြားတော်မူသော (မြတ်ဗုဒ္ဓဒေသနာနှင့် ယနေ့ကမ္ဘာ) |
| ၇း၄၅ | Sunday Talk [မျိုးမြတ်သူ၊ ဒေါက်တာဇော်သန်း၊ ကိုကို(စက်မှုတက္ကသိုလ်)] |
| ၈း၃၅ | တေးဂီတအစီအစဉ် |
| ၈း၄၀ | သျှားညို၏စိတ်ကူးအနုပညာ (Found Happening Project) |
| ၈း၅၅ | တေးဂီတအစီအစဉ် |
| ၉း၀၀ | နိုင်ငံတကာ အနုပညာရေးရာ |
| ၉း၃၀ | ပြည်တွင်းသတင်းအကျဉ်း |
| ၉း၄၀ | မိုးလေဝသခန့်မှန်းချက် |
| ၉း၄၅ | စိုက်ပျိုးရေးကဏ္ဍအတွက် အကျိုးထူးစေတဲ့ ကယားပြည်နယ်ရဲ့ နီးကိုးလျှပ်စစ်ရေတင်လုပ်ငန်း |
| ၁၀း၀၀ | တေးဂီတအစီအစဉ် |
| ၁၀း၀၅ | ကာကွယ်ကယ်ဆယ် မီးဘေးအန္တရာယ်(အပိုင်း-၁) |
| ၁၀း၃၀ | နိုင်ငံတကာသတင်းအကျဉ်း |
| ၁၀း၃၅ | အဏုဇီဝတွင်းထွက်ရတနာ |
| ၁၀း၄၅ | တေးဂီတအစီအစဉ် |
| ၁၀း၅၀ | မိသားစုတနင်္ဂနွေ (ကမ္ဘာအေးစေတီ) |
| ၁၁း၁၅ | ပြည်တွင်းသတင်းအကျဉ်း |
| ၁၁း၂၅ | ယွန်းထည်အတတ်ပညာ |
| ၁၁း၅၀ | တေးဂီတအစီအစဉ် |
| ၁၁း၅၅ | ကျွန်းမျှောပေါ်ကခရမ်းချဉ်သီး |
| ၁၂း၁၅ | နိုင်ငံတကာသတင်းအကျဉ်း |
| ၁၂း၂၅ | ကင်ဆာရောဂါသတိပြုစရာ (ဒေါက်တာသီတာစန်း) |
| ၁၂း၄၅ | တေးဂီတအစီအစဉ် |
| ၁၂း၅၀ | ကရာတေးဒိုအားကစား (KARATEDO) |
| ၁း၀၀ | MRTV-4 အပိတ် Logo |

**အထက်ပါ ၆ နာရီစာ အစီအစဉ်များကို နံနက် ၇ နာရီမှ မွန်းလွဲ ၁ နာရီအထိ တစ်ကြိမ်၊ မွန်းလွဲ ၁ နာရီမှ ည ၇ နာရီ အထိ တစ်ကြိမ်၊ ည ၇ နာရီမှ နံနက် ၁ နာရီအထိ တစ်ကြိမ်၊ နံနက် ၁ နာရီမှ နံနက်၇ နာရီအထိတစ်ကြိမ် လေးကြိမ်ဆက်တိုက် ၂၄ နာရီအချိန်ပြည့် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။**

**MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။**

**English Premier League ဘောလုံးပွဲစဉ်များ**

| ညပိုင်း | ပွဲစဉ် | ပြသမည့်လိုင်း |
|---|---|---|
| ၉း၃၀ | ပွဲကြိုသုံးသပ်ချက်-၁ | 5-Sports |
| ၁၀း၀၀ | ပွဲကြိုသုံးသပ်ချက်-၂ | 5-Sports (Live) |
| ၁၀း၂၅ | Tottenham- Man;Utd | 5-Sports(Live) |

**Series A ဘောလုံးပွဲစဉ်များ**

| ညပိုင်း | ပွဲစဉ် | ပြသမည့်လိုင်း |
|---|---|---|
| ၈း၃၀ | Ascoli-Ac Milan | 5-Series(Live) |
| ၂း၀၀ | Inter Milan-Roma | 5-Sports(Live) |

### ✻ ကိုကိုးကျွန်းမြို့နယ်မှ

ဖူးမြော်ကြည်ညိုပြီး ပန်း၊ ရေချမ်း၊ ဆီမီးနှင့် အမွှေးနံ့သာတိုင်များ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် တိုင်းမှူး၊ ဝန်ကြီးနှင့် မြို့တော်ဝန်တို့သည် စေတီတော်ရင်ပြင်တော် အာရုံခံတန်ဆောင်း ရေစက်ချပွဲ အခမ်းအနားသို့ တက်ရောက်ကြည်ညိုသည်။

#### ဆက်ကပ်လှူဒါန်း

ရှေးဦးစွာ ကိုကိုးကျွန်းမြို့နယ် မြို့နယ်သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ သာသနာ့မဏ္ဍိုင်ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တကောဝိဒါစာရထံမှ ငါးပါးသီလကို ခံယူဆောက်တည်ကြပြီး တိုင်းမှူး၊ ဝန်ကြီး၊ မြို့တော်ဝန်နှင့် တာဝန်ရှိသူများက ဆရာတော်အရှင်သူမြတ်တို့အား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ဦးကျော်လွင်မိုး (Ayeyarwaddy Group)က စေတီတော်ရင်ပြင်တော်ပေါ်၌ နေပူခံကျောက်ပြားခင်းရန်အတွက် အလှူငွေကျပ် ၅၁၄၅၀၀၀ ကို တိုင်းမှူးထံ ပေးအပ်လှူဒါန်းသည်။

ထို့နောက် ဧည့်ပရိသတ်များက မြို့နယ်သံဃနာယက ဆရာတော် ဟောကြားတော်မူသော အနုမောဒနာတရားကို နာယူကြပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထိုမှတစ်ဆင့် တိုင်းမှူးနှင့် ဝန်ကြီးတို့သည် ကိုကိုးကျွန်းမြို့နယ် ရဲတပ်ဖွဲ့စခန်း၏ စားဖိုဆောင်သီးနှံ ၁၀မျိုး၊ ၁၀ပေါင်စင် တစ်စင် စိုက်ခင်းနှင့် ခြံစည်းရိုးကြက်ဆူပင် စိုက်ခင်းတို့ကို ကြည့်ရှုစစ်ဆေးပြီး ရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များအတွက် ထောက်ပံ့ပစ္စည်းများ ပေးအပ်ကြသည်။

#### ဖြည့်ဆည်းပေး

ယင်းနောက် တိုင်းမှူး၊ ဝန်ကြီးနှင့် မြို့တော်ဝန်တို့သည် မြို့နယ်အားကစားကွင်းနှင့် မြို့နယ်ခန်းမ တည်ဆောက်မည့် မြေနေရာကို ကြည့်ရှုစစ်ဆေးကြပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားဖြည့်ဆည်းပေးသည်။

ထို့နောက် တိုင်းမှူး၊ ဝန်ကြီးနှင့် မြို့တော်ဝန်တို့သည် ကိုကိုးကျွန်း မြို့ပတ်လမ်းပေါ်၌ တည်ဆောက်ထားသည့် အရှည်ပေ ၂၀၊ အကျယ် ၁၂ပေရှိ ကွန်ကရစ်တံတား အမှတ်(၂)ကို လည်းကောင်း၊ အရှည် ၁၁၉၃ပေရှိ ယာဉ်ဆင်းတံတားနှင့် မြို့အဝင်ဆိုင်းဘုတ်ကိုလည်းကောင်း လိုက်လံကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ တိုင်းမှူး၊ ဝန်ကြီးနှင့် မြို့တော်ဝန်တို့သည် ကိုကိုးကျွန်းမြို့နယ် အခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိလာပြီး နေ့စဉ်ထုတ်သတင်းစာများကို သတင်းအချက်အလက် ဆက်သွယ်မှုနည်းပညာဖြင့် ဆင့်ပွားထုတ်ဝေထားရှိမှုကိုလည်းကောင်း၊ အိမ်တွင်းမှုခန်းကိုလည်းကောင်း၊ ကျောင်းစာကြည့်တိုက်ကိုလည်းကောင်း၊ ကျောင်းရှိ Audio Teaching Unit နှင့် Audio Visual Room များအတွင်း ခေတ်မီသင်ကြားမှု၊ သင်ယူမှုအထောက်အကူပြု ပစ္စည်းများဖြင့် ကျောင်းသား၊ ကျောင်းသူများ ပညာသင်ယူနေမှုကိုလည်းကောင်း၊ သတင်းအချက်အလက် ဆက်သွယ်မှုနည်းပညာဖြင့် နေ့စဉ်ထုတ်သတင်းစာများကို ဆင့်ပွားထုတ်ဝေပြသမှုကိုလည်းကောင်း ကြည့်ရှုကြပြီး ကျောင်းရုံးခန်း၌ တိုင်းမှူးက ကျောင်းသား၊ ကျောင်းသူများအတွက် သင်ကြားမှု သင်ယူမှုအထောက်အကူပစ္စည်းများ၊ ရန်ကုန်မြို့ လသာမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းမှ လှူဒါန်းသည့် လှူဒါန်းငွေကျပ်တစ်သိန်း၊ ကျောင်းစာကြည့်တိုက်အတွက် သုတ၊ ရသ စာအုပ်မျိုးစုံနှင့် လက်ဆောင်ပစ္စည်းများကို ကျောင်းအုပ်ဆရာကြီးနှင့် ဆရာ၊ ဆရာမများထံ ပေးအပ်သည်။

#### ထောက်ပံ့ငွေပေးအပ်

ယင်းနောက် တိုင်းမှူး၊ ဝန်ကြီးနှင့် မြို့တော်ဝန်တို့သည် ကိုကိုးကျွန်းမြို့နယ် ၁၆ ခုတင်ဆံ့ မြို့နယ်ပြည်သူ့ဆေးရုံသို့ သွားရောက်၍ လူနာများအား လိုက်လံအားပေးစကားပြောကြားပြီး ထောက်ပံ့ငွေများ ပေးအပ်သည်။

ထို့နောက် တိုင်းမှူး၊ ဝန်ကြီးနှင့် မြို့တော်ဝန်တို့သည် ဆေးရုံ၌ အသက်ကိုးလမှ ငါးနှစ်အထိ ရင်သွေးငယ်များအား ဝက်သက်ရောဂါ ကာကွယ်ဆေးထိုးနှံပေးနေမှုကို ကြည့်ရှုအားပေးကြပြီး ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် ဆေးရုံခန်းမ၌ တိုင်းမှူးက ဆေးရုံ၌ အသုံးပြုရန်အတွက် တစ်ခါသုံး ဆေးထိုးအပ်များကို ပေးအပ်လှူဒါန်းရာ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာနေဝင်းသွင်က လက်ခံရယူပြီး ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် တိုင်းမှူး၊ ဝန်ကြီးနှင့် မြို့တော်ဝန်တို့သည် ကိုကိုးကျွန်းမြို့နယ် မူလတန်းကြိုကျောင်းသို့ သွားရောက်၍ ရင်သွေးငယ်များ၏ ကဗျာရွတ်ဆိုပြသမှုကို ကြည့်ရှုအားပေးကြပြီး ရင်သွေးငယ်များအား စားစရာများ ဝေငှပေးအပ်ကြသည်။

ယင်းနောက် တိုင်းမှူး၊ ဝန်ကြီးနှင့် မြို့တော်ဝန်တို့သည် ကိုကိုးကျွန်းမြို့နယ် ဆက်သွယ်ရေးစခန်းသို့ သွားရောက်၍ Goverment On Line System အကောင်အထည်ဖော် ဆောင်ရွက်ထားမှုကို ကြည့်ရှုစစ်ဆေးကြပြီး ဒေသခံပြည်သူတို့၏ ဆက်သွယ်မှုစနစ် မြန်ဆန်တိုးတက်ကောင်းမွန်စေရေးနှင့် အစိုးရဌာနဆိုင်ရာများနှင့် စာပေးစာယူနှင့် ဆက်သွယ်မှု မြန်ဆန်ချောမွေ့စေရေး အလေးထားဆောင်ရွက်ကြရန် မှာကြားပြီး လိုအပ်သည်များ ပံ့ပိုးဖြည့်ဆည်းပေးသည်။

ထို့နောက် တိုင်းမှူး၊ ဝန်ကြီးနှင့် မြို့တော်ဝန်တို့သည် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးဝင်းအတွင်း၌ မွေးမြူဖြစ်ထွန်းလျက် ရှိသည့် ရစ်မွေးမြူရေးခြံနှင့် စားဖိုဆောင်သီးနှံ ၁၀မျိုး၊ ၁၀ပေါင်စင် တစ်စင်စိုက်ခင်းတို့ကို ကြည့်ရှုကြသည်။

ယင်းနောက် တိုင်းမှူး၊ ဝန်ကြီးနှင့် မြို့တော်ဝန်တို့သည် ရုံးခန်းမ၌ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများအား တွေ့ဆုံသည်။

#### တိုးချဲ့ဆောင်ရွက်

ရှေးဦးစွာ တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်းက နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးအခြေအနေ၊ ကိုကိုးကျွန်းမြို့နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိသည့် လုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးမည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် မိသားစုဝင်ငွေတိုးတက်စေရေးအတွက် တစ်ပိုင်တစ်နိုင် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ၊ ဒေသထွက် လက်မှုပစ္စည်းများကို တိုးချဲ့ဆောင်ရွက်ကြရေး ရှင်းလင်းအမှာစကားပြောကြားသည်။

ထို့နောက် ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦးနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် (ရန်ကုန်တိုင်းတာဝန်ခံ) မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့က ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ပြည်သူများ ပူးပေါင်းဆောင်ရွက်ကြရမည့် လုပ်ငန်းတာဝန်များနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားကြသည်။

ယင်းနောက် ကိုကိုးကျွန်းမြို့နယ် ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကျော်နိုင်ဦးက မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များကို တင်ပြရာ တိုင်းမှူး၊ ဝန်ကြီးနှင့် မြို့တော်ဝန်တို့က ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးသည်

#### ပေးအပ်လှူဒါန်း

ထို့နောက် တိုင်းမှူးက မြို့နယ်စာကြည့်တိုက်နှင့် မြို့နယ်အခြေခံပညာအထက်တန်းကျောင်းအတွက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဇနီး ဒေါ်ကြိုင်ကြိုင်မိသားစုက လှူဒါန်းသည့် သုတ၊ ရသ စာအုပ်မျိုးစုံနှင့် မြို့နယ်ပြည်သူ့ဆေးရုံအတွက် ဆေးပဒေသာပင် ငွေကျပ် ၁၅သိန်းတို့ကိုလည်းကောင်း၊ ဝန်ကြီး ဗိုလ်ချုပ်မောင်ဦးက မြို့နယ်၌ တာဝန်ထမ်းဆောင်လျက်ရှိသည့် ဝန်ထမ်းများအတွက် ဝတ်စုံများနှင့် လက်ဆောင်ပစ္စည်းများကိုလည်းကောင်း၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းက မြို့နယ်အတွင်းရှိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များအတွက် လက်ဆောင်ပစ္စည်းများကိုလည်းကောင်း၊ ဦးတင်ဝင်းအောင် (ဥက္ကဋ္ဌ MCC Company)က ငွေကျပ် ခြောက်သိန်းတန်ဖိုးရှိ ကွန်ပျူတာ တစ်စုံကိုလည်းကောင်း ပေးအပ်လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။

ယင်းနောက် တိုင်းမှူးက နိဂုံးချုပ်အမှာစကားပြောကြားပြီး တွေ့ဆုံပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

#### လက်တွေ့ပြုလုပ်ပြသ

ထို့နောက် တိုင်းမှူး၊ ဝန်ကြီးနှင့် မြို့တော်ဝန်တို့သည် ဒေသထွက် အုန်းခွံများကို အုန်းခွံဖြတ် ကိရိယာဖြင့်ဖြတ်၍ သစ်ခွစိုက်ပျိုးရေးလုပ်ငန်း၌ အသုံးပြုသည့် အောက်ခံအုန်းခွံတုံး လက်တွေ့ပြုလုပ်ပြသမှုကို ကြည့်ရှုအားပေးကြပြီး ကိုကိုးကျွန်းမြို့နယ်မှ ပြန်လည်ထွက်ခွာခဲ့ကြရာ ရန်ကုန်မြို့သို့ မွန်းလွဲ ၃နာရီတွင် ရောက်ရှိကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

### ● ကိုယ်ဝန်ဆောင်မှ

သုံးစွဲရန် တီထွင်ထားသော ကိရိယာမျိုး မဟုတ်သည်ကို သတိပြုသင့်သည်ဟု ကျွမ်းကျင်သူ မာတင်က ပြောကြားသည်။

အာထရာဆောင်း ဓာတ်ပုံများကို မလိုအပ်ဘဲ ရိုက်နေကြသည်ကို မပြုလုပ်ရန် သတိပေးသည့် ဆောင်းပါးကို မကြာသေးမီရက်ပိုင်းအတွင်းက ထုတ်ဝေသော ဗြိတိသျှဆေးပညာဂျာနယ်တွင် ထည့်သွင်းဖော်ပြခဲ့သည်။ ယင်းဆောင်းပါးပါ သတိပေးချက်များကို အမေရိကန် ဆေးပညာရှင်များနှင့် ပြင်သစ်ဆေးပညာရှင်များကလည်း လက်ခံကြကြောင်း သိရသည်။

ကိုယ်ဝန်ဆောင် မိခင်တစ်ဦးသည် သန္ဓေသားလွယ်ထားချိန် အစောပိုင်းကာလ သီတင်း ၁၂ ပတ်အတွင်း အာထရာဆောင်းရိုက်ကူးသည့် အလေ့အထကို ရှောင်ကြဉ်ခြင်းသည် ကလေးငယ်အတွက် ပိုမိုစိတ်ချရသည်ဟု ဘီအမ်ယူအက်စ်အသင်းမှ ပညာရှင် မာတင်က ပြောကြားသည်။ **အင်တာနက်**



**ကျွမ်းကျင်သူပညာရှင်တစ်ဦးက ကိုယ်ဝန်ဆောင်မိခင်တစ်ဦးအား အာထရာဆောင်းတီဗွီဓာတ်မှန် ရိုက်ကူးပေးစဉ်။**

(ဓာတ်ပုံ-အင်တာနက်)

## နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်

- ❒ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ် အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော အမျိုးသားရေးမူဝါဒကို ပြည်ထောင်စု တိုင်းရင်းသားအားလုံး စောင့်ထိန်းကာကွယ်ရေး၊
- ❒ တိုင်းရင်းသားပြည်သူများအတွင်း ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ်ရှင်သန်ထွန်းကားရေး၊
- ❒ ပြည်ထောင်စုကြီး ထာဝရတည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားအားလုံးက တက်ညီလက်ညီ ကာကွယ်ထိန်းသိမ်းရေး၊
- ❒ နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်မှုတို့အား နှောင့်ယှက်ဖျက်ဆီးသည့် ပြည်တွင်းပြည်ပ အဖျက်သမားများ၏ အန္တရာယ်ကို တိုင်းရင်းသား စည်းလုံးညီညွတ်မှုဖြင့် ကာကွယ်တားဆီးရေး၊
- ❒ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ပြည်ထောင်စုတိုင်းရင်းသားအားလုံး ဝိုင်းဝန်းကြိုးပမ်းရေး။

## ပန်းတစ်ပွင့်တောင်တောရ သာသနာနယ်မြေ ပန္နက်တင် မင်္ဂလာအခမ်းအနား ကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၃**

ရန်ကုန် မြောက်ပိုင်းခရိုင် တိုက်ကြီးမြို့နယ် ပန်းတစ်ပွင့်တောင်တောရ သာသနာနယ်မြေ ပဓာနနာယကချုပ် ဆရာတော် သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပညာသာရကကြီးမှူး၍ အလှူရှင်များ၏ကောင်းမှုဖြင့် ပန်းတစ်ပွင့်တောင်ပေါ်ရှိ ဇမ္ဗူအေး ဆယ့်တစ်မီးငြိမ်း စေတီတော် ရင်ပြင်တော်ပေါ်၌ တည်ထားမည့် အရံစေတီတော်များ၊ နဂါးရုံဘုရားများ ပန္နက်တော်တင် မင်္ဂလာအခမ်းအနား၊ ပန်းတစ်ပွင့်တောင် ဆရာတော်အား စုပေါင်းသင်္ကန်းဆပ်ပွဲနှင့် စတုဒိသာ ထမနဲ ကျွေးမွေးလှူဒါန်းပွဲတို့ကို ဖေဖော်ဝါရီ ၁ရက် နံနက်ပိုင်းတွင် အဆိုပါကျောင်းတိုက်ရှိ ဓမ္မဗိမာန်၌ကျင်းပရာ ရှေးဦးစွာ ဆရာတော်ထံမှ ပရိသတ်တို့က ကိုးပါးသီလ ခံယူဆောက်တည်ကြပြီး ရဟန်းဒါယကာ၊ ဒါယိကာမတို့က သင်္ကန်းထပ် ပရိက္ခရာအစုံကို ဆရာတော်ထံ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် နဂါးရုံဘုရားတစ်ဆူအတွက် အလှူငွေကျပ် ကိုးသိန်းစီတို့ကို ကွယ်လွန်သူ မိဘနှစ်ပါးအား ရည်စူး၍ မရမ်းကုန်းမြို့နယ်မှ သီရိသုဓမ္မ မဏိဇောတဓရ ဦးမြင့်စိုး-ဒေါ်မြမြစိုး၊ သမီး မရတနာစိုး မိသားစု၊ ဦးအောင်သန်း-ဒေါ်စန်းတင်



မိသားစု (ဝါးနက်ချောင်း)၊ ဗိုလ်မှူးကြီး စိန်ထွန်း(ငြိမ်း)အား အမှူးထား၍ သင်္ဃန်းကျွန်းမြို့နယ် သုဝဏ္ဏမြို့မှ ဦးအောင်နိုင်ဦး-ဒေါ်ထက်ထက်အေးတို့က လည်းကောင်း၊ အရံစေတီတော်တစ်ဆူအတွက် အလှူငွေကျပ်ကိုးသိန်းကို ကျိုက်လတ်မြို့နေ ဦးထွန်းအောင်-ဒေါ်မေဇင်ဦး (စာကလေးအင်တွဲမှုန့် မိသားစု) **(အောက်ပုံ)**ကလည်းကောင်း ဆရာတော်ထံ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ ဇမ္ဗူအေး ဆယ့်တစ်မီးငြိမ်း စေတီတော် ရင်ပြင်တော်ရှိ သတ်မှတ်နေရာများ၌ ဆရာတော်နှင့် အလှူရှင်များက ရွှေအုတ်၊ ငွေအုတ်နှင့် ပတ္တမြားအုတ်တို့ဖြင့် ပန္နက်တော်တင်ပေးကြပြီး ဆရာတော်က အောင်ဂါထာကို ရွတ်ဖတ်ပူဇော်သည်။

ထို့နောက် ပန်းတစ်ပွင့်တောင် ဆရာတော်အား ရဟန်းဒါယကာ၊ ဒါယိကာမတို့က စုပေါင်း သင်္ကန်းထပ်၍ ဧည့်ပရိသတ်တို့အား စတုဒိသာ ထမနဲကျွေးမွေးလှူဒါန်းကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



**ရန်ကုန်တိုင်း အရှေ့ပိုင်းခရိုင် မြောက်ဥက္ကလာပမြို့နယ် (ဈ)ရပ်ကွက် ဇမ္ဗူအေးကျောင်းတိုက်အတွင်းရှိ ရတနာဇေယျကျောင်း ဘက်စုံပြုပြင်ရာတွင် အမ်မကန်သွပ်မိုးရန်အတွက် အလှူတော်ငွေ ကျပ်တစ်သိန်းကို ကွယ်လွန်သူ ဦးသိန်းမြင့်အား ရည်စူး၍ (က)ရပ်ကွက် နွယ်သာကီ (၆)လမ်းနေ ဒေါ်အုံးငွေ မိသားစုက ပဓာနနာယက ဆရာတော် ဘဒ္ဒန္တသုမင်္ဂလဗုဒ္ဓိ ရှေ့မှောက်၌ ဇန်နဝါရီ ၂၉ ရက်က ပေးအပ်လှူဒါန်းရာ အကျိုးတော်ဆောင် ဦးထွန်းကြည် လက်ခံယူစဉ်။**

(က-ပ)

## ပုသိမ်အသင်း(ရန်ကုန်) မြတ်မော်တင်ဘုရားဖူးသွားမည်

**ရန်ကုန် ဖေဖော်ဝါရီ ၃**

ပုသိမ်အသင်း(ရန်ကုန်)မှ ကြီးမှူး၍ မြတ်မော်တင်ဘုရားဖူး ခရီးစဉ်(၁)ကို ဖေဖော်ဝါရီ ၂၃ရက်မှ ၂၆ရက်အထိ လည်းကောင်း၊ ခရီးစဉ်(၂)ကို မတ် ၁ရက်မှ ၄ ရက်အထိလည်းကောင်း၊ အထူးခရီးစဉ်(၂)ကို နှစ်ထပ်ရေယာဉ်ဖြင့် မတ် ၁ရက်မှ ၄ရက်အထိလည်းကောင်း သွားရောက်မည်ဖြစ်သည်။ ပုသိမ်အသင်း(ရန်ကုန်)အသင်းဝင်များ၊ လိုက်ပါလိုသူ ဓမ္မမိတ်ဆွေများသည် ပုသိမ်အသင်း(ရန်ကုန်)ဖုန်း-၃၇၉၂၅၈၊ ဦးလေးတင့် (ဘဏ္ဍာရေးမှူး) ဖုန်း-၂၂၁၉၇၈၊ ၇၀၁၄၇၃တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

(က-ပ)

(4-2)09.P65 1 1/5/32, 4:12 AM



ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဆန်းအား မြန်မာနိုင်ငံဆိုင်ရာ ဥရောပသမဂ္ဂ သံအမတ်ကြီး Dr.Freidrich Hamburger လာရောက် တွေ့ဆုံစဉ်။ (သတင်းစဉ်)

# ပြန်ကြားရေးဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းအား ဥရောပသမဂ္ဂသံအမတ်ကြီး လာရောက်တွေ့ဆုံ

ရန်ကုန် ဖေဖော်ဝါရီ ၃

**ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းအား ဗန်ကောက်မြို့ အခြေစိုက် မြန်မာနိုင်ငံဆိုင်ရာ ဥရောပသမဂ္ဂ သံအမတ်ကြီး Dr. Freidrich Hamburger သည် ယနေ့ မွန်းလွဲ ၁နာရီခွဲတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။**

ထိုသို့ တွေ့ဆုံရာတွင် ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ (သတင်းစဉ်)

## ဝန်ကြီး ဦးဉာဏ်ဝင်း သီရိလင်္ကာနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးထံ သဝဏ်လွှာပေးပို့

**နေပြည်တော် ဖေဖော်ဝါရီ ၃**

၂၀၀၇ခုနှစ် ဖေဖော်ဝါရီ ၄ရက်တွင် ကျရောက်သော သီရိလင်္ကာဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံ လွတ်လပ်ရေးနေ့ အခါ သမယတွင် ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းထံမှ သီရိလင်္ကာဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မင်္ဂလ သမရဝီရ မစ္စတာ ရှိဟီသာဘိုဂိုလာဂါမာ ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့သည်။ (သတင်းစဉ်)





## အမှာစကားပြောကြား

**အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ အမှာစကားပြောကြားစဉ်။** (သတင်းစဉ်)

# အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၃

**အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဖေဖော်ဝါရီ ၂ ရက် နံနက်ပိုင်းတွင် နေပြည်တော်ရှိ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ အမျိုးသား စီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ တက်ရောက်၍ အမှာစကား ပြောကြားသည်။**

**တက်ရောက်**

အစည်းအဝေးသို့ အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးသူရိန်ဇော်၊ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာန၊ အဖွဲ့အစည်းများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ ပြည်နယ်နှင့် တိုင်း စီမံကိန်းဦးစီးမှူးများ၊ ခရိုင် စီမံကိန်းဦးစီးမှူးများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။ (သတင်းစဉ်)

## ဖဲကြိုးဖြတ်ဖွင့်လှစ်

**ပုသိမ်မြို့ ရာမ၊လက္ခဏာ၊သီတာဒေဝီကျောင်းဆောင်သစ်ဖွင့်ပွဲနှင့် ပန်းတော်ဆက်ပူဇော်ပွဲကို ဇန်နဝါရီ ၆ရက်က ကျင်းပရာ ပုသိမ်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးအောင်ကျော်စိန်နှင့်ကျောင်းဆောင်အလှူရှင် ဦးခင်မောင်မြင့်-ဒေါ်စန်းမြင့်တို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။** (သတင်းစဉ်)



# ဘဂ္ဂဒက်တွင် ကားဗုံးပေါက်ကွဲ ၁၂၁ ဦး သေဆုံးပြီး ၂၂၆ ဦး ဒဏ်ရာရ

**ဘဂ္ဂဒက် ဖေဖော်ဝါရီ ၃**

အီရတ်နိုင်ငံ မြို့တော် ဘဂ္ဂဒက်မြို့လယ်ရှိ လူစည်ကားရာ ဈေးတစ်ဈေးတွင် ယနေ့ ကားဗုံးပေါက်ကွဲမှုဖြစ်ပွားရာ ၁၂၁ ဦး သေဆုံးပြီး ၂၂၆ ဦး ဒဏ်ရာရရှိသည်။ အဆိုပါဗုံးဖောက်ခွဲမှုသည် ၂၀၀၃ ခုနှစ် အီရတ်စစ်ပွဲစတင်ဖြစ်ပွားခဲ့ချိန်နောက်ပိုင်း ဗုံးပေါက်ကွဲမှုတစ်ရပ်အတွင်း လူအများဆုံး သေဆုံးရသည့်ဖြစ်ရပ်ဖြစ်သည်။

**ဈေးဆိုင်များ ပျက်စီး**

ဘဂ္ဂဒက်မြို့ ဆက်ရီယာရပ်ကွက်ရှိ ဈေးတစ်ဈေးတွင် ထရပ်ကားဖြင့် ကားဗုံးခွဲ တိုက်ခိုက်ခြင်းဖြစ်သည်။ ပြင်းထန်သော ဗုံးပေါက်ကွဲမှုကြောင့် ဈေးဆိုင်များ ပျက်စီးခဲ့ရပြီး မီးလောင်ကျွမ်းမှု ဖြစ်ပွားခဲ့သည်။ အဆိုပါဈေးတွင် ဒီဇင်ဘာလအတွင်းကလည်း ကားဗုံးသုံးလုံး ပေါက်ကွဲခဲ့ရာ ၅၁ဦး သေဆုံးခဲ့ရသည်။

ဗုံးပေါက်ကွဲမှုမှာ ပြင်းထန်ပြီး ဈေးအနီးရှိ နေအိမ်အချို့မှာလည်း ပျက်စီးခဲ့ရသည်။

**ကြိုးပမ်းလျက်ရှိ**

အီရတ်ဝန်ကြီးချုပ် နူရီအယ်လ်မာလီကီ၏ အစိုးရအဖွဲ့က မြို့တော်ဘဂ္ဂဒက်တွင် လုံခြုံရေးထိန်းသိမ်းနိုင်ရန် ကြိုးပမ်းလျက်ရှိသော်လည်း ဆွန်နီနှင့် ရှီးယိုက်တို့၏ ဂိုဏ်းဂဏတိုက်ခိုက်မှုများ ဆက်လက်ဖြစ်ပွားလျက်ရှိသည်။

***အင်တာနက်။***

# ဖူဂျီလျှပ်စစ်ပစ္စည်းအသစ်များ မိတ်ဆက်

**ရန်ကုန် ဖေဖော်ဝါရီ ၃**

Fuji Electric Holding Co., Ltd. နှင့် Khin Maung Nyunt Trading Co., Ltd. တို့ ပူးပေါင်းပြီး ဖူဂျီလျှပ်စစ်ပစ္စည်းအသစ်များ မိတ်ဆက်ပွဲကို ယမန်နေ့ ညနေ ၅ နာရီခွဲတွင် ရန်ကုန်မြို့ရှိ ကုန်သည်ကြီးများ ဟိုတယ်၌ကျင်းပရာ Fuji Electric Holding Co., Ltd. မှ အပြည်ပြည်ဆိုင်ရာ အရောင်းမန်နေဂျာများဖြစ်သော Mr. Yoshihisa Hayashitani ၊ Mr. Willion Soh နှင့် Mr. Nicky ၊ Khin Maung Nyunt Trading Co., Ltd. မှ ဒါရိုက်တာအဖွဲ့ဝင်များ၊ ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့၊ ဆောက်လုပ်ရေးကုမ္ပဏီများ၊ လျှပ်စစ်လုပ်ငန်း ထုတ်လုပ်ရေး စက်ရုံ၊ အလုပ်ရုံများမှ လုပ်ငန်းရှင်များ၊ လျှပ်စစ်ပစ္စည်း အရောင်းဆိုင်များမှ ပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

ထို့နောက် Khin Maung Nyunt Trading Co., Ltd.မှ လက်ထောက်မန်နေဂျာဦးရဲထွဋ်က မိတ်ဆက်စကား ပြောကြားပြီး Fuji Electric Holding Co., Ltd မှ အပြည်ပြည်ဆိုင်ရာ အရောင်းမန်နေဂျာ Mr. Yoshihisa Hayashitani က ဖူဂျီလျှပ်စစ်ပစ္စည်းများအကြောင်းကို ရောင်စုံဆလိုက်များဖြင့် ပြသကာ တက်ရောက်လာကြသူများ၏ မေးမြန်းမှုများကို ဖြေကြား၍ ညစာဖြင့် တည်ခင်းဧည့်ခံပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယင်းဖူဂျီ လျှပ်စစ်ပစ္စည်းများကို ကမာရွတ်မြို့နယ် ရန်ကုန်မြို့ ဘုရင့်နောင်လမ်းမကြီး အမှတ်(၄၃) ရွှေသရဖီရိပ်မွန် ဖုန်း-၅၃၈၂၃၀၊ ၅၁၃၉၈၇ တို့၌ လည်းကောင်း၊ ရွှေတိဂုံဘုရားလမ်းနှင့် တောင်ဒဂုံ စက်မှုဇုန်များ၌ ရုံးခွဲများဖွင့်လှစ်ပြီး Low Voltage to High Voltage Electric Productများနှင့် စက်ပစ္စည်းများကို အင်္ဂလန်၊ ပြင်သစ်၊ အီတလီ၊ ဂျပန်၊ တရုတ်(တိုင်ပေ)၊ အိန္ဒိယတို့မှ တင်သွင်းဖြန့်ဖြူးပေးပြီး အချို့လျှပ်စစ်ပစ္စည်းများကို တောင်ဒဂုံ စက်မှုဇုန်ရှိ စက်ရုံမှ ထုတ်လုပ်ကာ ဈေးကွက်များသို့ ဖြန့်ဖြူးပေးလျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## ရှင်းလင်းပြောကြား

**ဖူဂျီလျှပ်စစ်ပစ္စည်းအသစ်များ မိတ်ဆက်ပွဲတွင် Fuji Electric Holding Co., Ltd မှ အပြည်ပြည်ဆိုင်ရာ အရောင်းမန်နေဂျာ Mr.Yoshihisa Hayashitani ဖူဂျီ လျှပ်စစ်ပစ္စည်းအသစ်များ ထုတ်လုပ်ရောင်းချမှုနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားစဉ်။** (သတင်းစဉ်)





## အင်တာနက်အားကစားသတင်းများ

## ဂျာမန်လက်ရွေးစင်ဂိုးသမား ဂျင်းလီမန်း အာဆင်နယ်တွင်ဆက်လက်ရှိရန် မသေချာ

**လန်ဒန်  ဖေဖော်ဝါရီ  ၃**

ဂျာမန်လူမျိုးဂိုးသမား ဂျင်းလီမန်းသည် လာမည့်ဘောလုံးရာသီတွင် အာဆင်နယ်အသင်း၌ ဆက်လက်ရှိရန်မှာ မသေချာကြောင်း ယင်းအသင်း၏ မန်နေဂျာ အာဆင်ဝင်းဂါးက ယနေ့ပြောကြားသည်။

အသက်(၃၇)နှစ်အရွယ်ရှိ လီမန်းသည် အာဆင်နယ်အသင်းနှင့် ချုပ်ဆိုထားသောကန်ထရိုက်စာချုပ်အရ လက်ရှိဘောလုံးရာသီ ကုန်ဆုံးချိန်အထိ အာဆင်နယ်အသင်းတွင် ရှိနေမည်ဖြစ်သည်။

လီမန်းသည် စပိန်လာလီဂါဘောလုံးပြိုင်ပွဲ (သို့) ဂျာမနီဘွန်ဒက်စ်လီဂါ ဘောလုံးပြိုင်ပွဲတွင် ပါဝင်ကစားရန် စဉ်းစားနေသည်ဟု သတင်းများပေါ်ထွက်ခဲ့သည်။ အာဆင်နယ်အသင်းသည် ဂိုးသမားလီမန်းအား ဆက်လက်ကစားရန် ကမ်းလှမ်းမည့် အလားအလာရှိသော်လည်း ယခုအချိန်အထိ တရားဝင်ဆွေးနွေးမှု မရှိသေးပေ။ **အင်တာနက်။**

## တရုတ်အိုလံပစ်လက်ရွေးစင်အသင်း အင်္ဂလန်တွင် လေ့ကျင့်ကစားမည်

**ကော့ဘ်ဟမ်း(အင်္ဂလန်)  ဖေဖော်ဝါရီ  ၃**

တရုတ်နိုင်ငံ၌ကျင်းပမည့် ၂၀၀၈ ခုနှစ် အိုလံပစ်အားကစားပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်မည့် တရုတ်လက်ရွေးစင်ဘောလုံးအသင်းသည် ချယ်လ်ဆီးအသင်းနှင့်အတူ လေ့ကျင့်ကစားရန် အင်္ဂလန်သို့ ရောက်ရှိလာပြီဖြစ်ကြောင်း ယနေ့ အင်တာနက်သတင်းတွင် ဖော်ပြသည်။

တရုတ်လက်ရွေးစင် ဘောလုံးအသင်းသည် ချယ်လ်ဆီးအသင်း၏ ကော့ဘ်ဟမ်းဘောလုံးကွင်းတွင် ရက်သတ္တနှစ်ပတ်ကြာ လေ့ကျင့်ကစားမည်ဖြစ်ကြောင်း၊ မိမိတို့အသင်း၏အောင်မြင်မှုသော့ချက် နည်းစနစ်ပိုင်းကို မခြွင်းမချန် ပြသပေးမည်ဖြစ်ကြောင်း ချယ်လ်ဆီးအသင်းနည်းပြ ဟိုဆေးမော်ရင်ဟိုက ပြောကြားသည်။ တရုတ်လက်ရွေးစင်အသင်းသည် လာမည့်တနင်္လာနေ့တွင် ချစ်ကြည်ရေး ခြေစမ်းပွဲကစားရန်လည်း စီစဉ်ထားသည်။ **အင်တာနက်။**

## ချယ်လ်ဆီးအသင်းတွင် ဂျွန်တယ်ရီ ပြန်လည်ပါဝင်လာ

**လန်ဒန်  ဖေဖော်ဝါရီ  ၃**

ချယ်လ်ဆီးအသင်းတွင် ဂျွန်တယ်ရီပြန်လည်ပါဝင်လာခြင်းဖြင့် ယင်းအသင်း၏ ပြိုင်ဘက်မန်ချက်စတာယူနိုက်တက်အသင်းနှင့် အမှတ်ကွာဟနေမှုကို လျှော့ချနိုင်မည်ဟုမျှော်လင့်ရကြောင်း ယနေ့အင်တာနက်သတင်းတွင်ဖော်ပြသည်။

ချယ်လ်ဆီးအသင်း၏ အသင်းခေါင်းဆောင် ဂျွန်တယ်ရီသည် ကျောကုန်းနှင့် ခြေသလုံးကြွက်သား ထိခိုက်ဒဏ်ရာရရှိခဲ့ပြီးနောက် ဒီဇင်ဘာ ၁၃ရက်မှစတင်၍ အနားယူခဲ့သည်။

ဂျွန်တယ်ရီသည် လက်ရှိဘောလုံးရာသီကုန်ဆုံးချိန်အထိ ဘောလုံးကစားနိုင်တော့မည်မဟုတ်ဟု ကနဦးတွင် မှတ်ယူခဲ့ကြသော်လည်း ထူးထူးခြားခြား ပြန်လည်နာလန်ထူလာခဲ့သည်။ **အင်တာနက်။**




**ချယ်လ်ဆီးအသင်း၏အသင်းခေါင်းဆောင် ဂျွန်တယ်ရီ။**
(ဓာတ်ပုံ-အင်တာနက်)



**အကြို ဗိုလ်လုပွဲ အဆင့်တွင် ထိခိုက် ဒဏ်ရာ ရရှိမှု ကြောင့် ပြိုင်ပွဲမှနုတ် ထွက် သွား ရ သူ ရှာရာပိုဗာ။**
(ဓာတ်ပုံ-အင်တာနက်)

## ရုရှားတင်းနစ်မယ် မာရီယာရှာရာပိုဗာ ထိခိုက်ဒဏ်ရာကြောင့် ပြိုင်ပွဲမှနုတ်ထွက်

**တိုကျို  ဖေဖော်ဝါရီ  ၃**

ကမ္ဘာ့နံပါတ် (၁) အဆင့်ရှိ ရုရှားတင်းနစ်မယ် မာရီယာရှာရာပိုဗာသည် ဂျပန်နိုင်ငံ တိုကျိုမြို့တွင် သောကြာနေ့ကကျင်းပသည့် ပန်ပစိဖိတ်အိုးပင်း တင်းနစ်ပြိုင်ပွဲ၏ အမျိုးသမီးတစ်ဦးချင်း ကွာတားဖိုင်နယ်ပွဲ၌ ဂျပန်တင်းနစ်မယ် အိုက်ဆုကိယာမအား ၄-၆၊ ၆-၀၊ ၆-၁ဖြင့် အနိုင်ရရှိကာ အကြိုဗိုလ်လုပွဲအဆင့်သို့ တက်ရောက်သွားသည်။

ရှာရာပိုဗာသည် ၂၀၀၅ ခုနှစ်က ပန်ပစိဖိတ်အိုးပင်း တင်းနစ်ပြိုင်ပွဲတွင် ဗိုလ်စွဲခဲ့သူဖြစ်သည်။ ပန်ပစိဖိတ်အိုးပင်း တင်းနစ်ပြိုင်ပွဲတွင် ရှာရာပိုဗာနှင့် မာတီနာဟင်းဂစ်တို့ ယှဉ်ပြိုင်ကစားရဖွယ်ရှိသည်ဟုခန့်မှန်းခဲ့ကြသည်။

သို့ရာတွင် ယနေ့ကျင်းပသည့်အကြိုဗိုလ်လုပွဲတွင် ဆာဘီးယားမှ အင်နာ အီဗန်နိုဗစ်နှင့် ယှဉ်ပြိုင်ကစားစဉ်အတွင်း ရှာရာပိုဗာသည် တံကောက်ကြော ထိခိုက်ဒဏ်ရာရရှိသဖြင့် ပြိုင်ပွဲမှနုတ်ထွက်သွားရသည်။

**အင်တာနက်။**

## ခြင်ဆေးခွေ ထွန်းရာမှ မီးလောင်မှု ဖြစ်ပွား

**ရန်ကုန်  ဖေဖော်ဝါရီ  ၃**

ဇန်နဝါရီ ၂၉ရက် နံနက် ၇နာရီတွင် ရန်ကုန်တိုင်း တောင်ဥက္ကလာပမြို့နယ် (၁၃)ရပ်ကွက် ကောလိယလမ်းသွယ် (၂၀) အမှတ်(၄၃၅) နေ ဒေါ်ယုယုနီ၏ အိမ်တွင် မွေ့ရာအနီး ခြင်ဆေးခွေထွန်းထားရာမှ မီးလောင်မှုဖြစ်ပွားရာ မီးလောင်မှုကြောင့် (၂)နှစ်အရွယ် ကလေးငယ်တစ်ဦးသေဆုံးသည်။

အလားတူ ရန်ကုန်တိုင်း လှည်းကူးမြို့နယ် ပိုက်ကြီးဝဲကျေးရွာနေ ဦးဘမော်၏အိမ်၌ မီးဖို မီးကြွင်းမီးကျန်မှ ဇန်နဝါရီ ၂၉ရက် နံနက် ၁၀နာရီခန့်တွင် မီးလောင်မှုဖြစ်ပွားရာ မီးလောင်မှုကြောင့် အိမ်တစ်လုံး မီးလောင်ခံရပြီး ငွေကျပ် ၇၀၀၀၀ ဖိုးခန့် ဆုံးရှုံးသွားကြောင်း မီးသတ်ဦးစီးဌာနမှ သတင်းရရှိသည်။

(သတင်းစဉ်)

## သံထည်ပစ္စည်းများတင်ချမှု ပတ်ဝန်းကျင်အန္တရာယ်ပြု

**စာတည်းခင်ဗျား-**

ရန်ကုန်မြို့ ကြည့်မြင်တိုင်မြို့နယ် ပန်းလှိုင်စီမံကိန်းအိမ်ရာ (ရွှေလိပ်ပြာရပ်ကွက်)အတွင်း တန်ချိန်များစွာရှိသော သံထည်နှင့် အခြားပစ္စည်းများအား လူနေတိုက်ခန်းများတွင် သာမက နောက်ဖေးလမ်းကြားမြေကိုပါ ခြံခတ်၍ ဂိုဒေါင်သဖွယ် သိုလှောင်ထားရှိပါသည်။ ပစ္စည်းများကို ကရိန်းကားကြီးများဖြင့်တင်ချပြုလုပ်မှုကြောင့် ပတ်ဝန်းကျင်ရှိ တိုက်ခန်းများအတွက် အန္တရာယ်ဖြစ်စေပါသည်။

သို့ဖြစ်ပါ၍ နေအိမ်တိုက်ခန်းများ အန္တရာယ် မဖြစ်စေရေးအတွက် အဆိုပါ လုပ်ငန်းအား ကြပ်မတ် ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

**ပန်းလှိုင်သား**

## ကျူးကျော်တဲများ ဖယ်ရှားပေးစေချင်

**စာတည်းခင်ဗျား-**

ရန်ကုန်တိုင်း မြောက်ဥက္ကလာပမြို့နယ် ၁ ရပ်ကွက် သုမိတ္တာလမ်းမကြီး တစ်လျှောက်တွင် ကျူးကျော်တဲများ ထိုး၍ လမ်းပိတ်ဆို့ ဈေးရောင်းချလျက်ရှိရာ ယာဉ်များသွားလာရာ၌ အခက်အခဲရှိပါသဖြင့် အဆိုပါ ကျူးကျော်တဲများအား စိစစ် ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။ **ယာဉ်မောင်းတစ်ဦး**

## လှေကားပိတ်၍ဈေးရောင်းနေမှုဖယ်ရှားပေးပါ

**စာတည်းရှင့်-**

ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ် ၂၆ လမ်းနှင့် အနော်ရထာလမ်းထောင့်ရှိ အဆောက်အအုံ လှေကားအတက်အဆင်းပေါက်များတွင်ကျူးကျော်ဈေးဆိုင်များ စည်းကမ်းမဲ့ပိတ်ဆို့၍ ခင်းကျင်းရောင်းချလျက်ရှိရာ **(ယာပုံ)** ၎င်းလှေကားကို အသုံးပြုနေရသော အခန်းရှင်များ နေ့စဉ် စိတ်အနှောင့်အယှက် ဖြစ်နေကြရပါသည်။

သို့ဖြစ်ပါ၍ အဆိုပါ လှေကားအတက်အဆင်းပေါက်အား ပိတ်ဆို့ဈေးရောင်းချနေမှုများကို ရှင်းလင်းဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။ **အိမ်ခန်းရှင်များ**



## ကြေးမုံ The Mirror — ပြည်သူ့ထံမှပေးစာ

## ဈေးရောင်းသူများ စည်းကမ်းရှိစေလို

**စာတည်းခင်ဗျား-**

ရန်ကုန်တိုင်း လှိုင်မြို့နယ် အမှတ် (၃) ရပ်ကွက်တွင် ရတနာမွန်ဈေး ဆောက်လုပ်ပေးထားပါသည်။ အချို့ဈေးသည်များသည် ယင်းဈေးတွင် စနစ်တကျ ရောင်းချလျက်ရှိသော်လည်း ဈေးသည်အချို့သည် ဈေးအတွင်း ရောင်းချခြင်းမရှိဘဲ ယာဉ်သွားလမ်းများဖြစ်သည့် (၁၁)လမ်းနှင့် အေးရိပ်မွန်(၄) လမ်း ဘေးတစ်လျှောက်တွင် နံနက်၆ နာရီမှစ၍ စည်းကမ်းမဲ့စွာ ပစ္စည်းမျိုးစုံ ရောင်းချနေသည့်အတွက် ယာဉ်သွားလမ်းပိတ်ဆို့သည့်အပြင် ခရီးသွားပြည်သူများ အနှောင့်အယှက်ဖြစ်ကြရပါသည်။

သို့ဖြစ်ပါ၍ လမ်းပေါ်အထိ ကျူးကျော်ရောင်းချနေသည့် ဈေးသည်များအား တားဆီးပေးပါရန်တင်ပြပါသည်။ **လမ်းသူလမ်းသားများ**

## ထီးလင်းမြို့ ရေပြန်လည်ရရှိရေး ဆောင်ရွက်ပေးပါ

**စာတည်းခင်ဗျား-**

မကွေးတိုင်း ဂန့်ဂေါခရိုင် ထီးလင်းမြို့တွင် ယခင်က ရေလုံလောက်စွာ ပေးဝေလျက်ရှိရာမှ ယခုအခါ ရေဘုံပိုင်ပျက်စီးနေပါဖြင့် ရေမရရှိတော့ပါ။

သို့ဖြစ်ပါ၍ မြို့သူ၊ မြို့သားများ ရေဖူလုံစွာရရှိရေး ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

**ရေရရှိလိုသူများ**

## ခါးပိုက်နှိုက်အန္တရာယ် ကင်းစေချင်

**စာတည်းခင်ဗျား-**

ရန်ကုန်မြို့ ကမာရွတ်မြို့နယ် လှည်းတန်းလမ်းဆုံ၌ မီးပွိုင့်မိခြင်း၊ ကားကျပ်ခြင်း စသည်တို့အပေါ် အခွင့်ကောင်းယူ၍ ဘတ်(စ်)ကားများပေါ်၌ ခါးပိုက်နှိုက် အလစ်သမားများ လှုပ်ရှားလျက်ရှိပါသည်။ သို့ဖြစ်ပါ၍ ခရီးသွား ပြည်သူများ စိတ်အေးချမ်းသာစွာ သွားလာနိုင်ရေး လိုအပ်သလို ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။ **ကိုယ်တွေ့ကြုံခဲ့သူ**

## ပြည်သူ့ထံမှ ပေးစာပေးပို့လိုပါလျှင်

**ပြည်သူ့ထံမှ ပေးစာကဏ္ဍသို့ ပေးပို့လိုပါက ပေးပို့သူ၏ အမည်၊ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ နေရပ်လိပ်စာ အပြည့်အစုံ ရေးသားဖော်ပြ၍ ပြည်သူ့ထံမှ ပေးစာကဏ္ဍ၊ ကြေးမုံသတင်းစာတိုက်၊ အမှတ် (၇၇)၊ (၅၂)လမ်း (မဟာဗန္ဓုလလမ်းထောင့်)၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့သို့ လိပ်မူ ပေးပို့နိုင်ပါသည်။**

## တရားမဝင်မီးသွယ်လုပ်ကိုင်နေသည့် ဆေးမှုတ်လုပ်ငန်း စိစစ်ကြပ်မတ်ပေးပါ

**စာတည်းခင်ဗျား-**

ရန်ကင်းမြို့နယ် အမှတ်(၆)ရပ်ကွက် ရန်ကင်းမြို့မဈေးအနီး မြေကွက်လပ်တွင် မော်တော်ကားဆေးမှုတ် အလုပ်ရုံကို ခွင့်ပြုမိန့်မရှိဘဲလမ်းများပိတ်ဆို့ပြီး ကားများကို ဆေးမှုတ်သည့် လုပ်ငန်း လုပ်ကိုင်လျက်ရှိရာ ပတ်ဝန်းကျင်နေသူများ အနံ့ဆိုးများကို နေ့စဉ်ရှူရှိုက်နေကြရပါသည်။ ထို့အပြင် လျှပ်စစ်မီးကို လမ်းကျော်၍ တရားမဝင်သွယ်တန်းရယူပြီး ဆေးမှုတ်လုပ်ငန်းလုပ်ကိုင်လျက်ရှိပါသည်။ သို့ဖြစ်ပါ၍ အဆိုပါလုပ်ငန်းအား စိစစ်ကြပ်မတ်ပေးပါရန် တင်ပြအပ်ပါသည်။

**ရန်ကင်းသား**

## တောင်ငူမြို့မဈေး ရေအိမ်ပြုပြင်ပြီးစီး

၁၃-၁-၂၀၀၇ရက်နေ့ထုတ် ကြေးမုံသတင်းစာပါ တောင်ငူမြို့မဈေးကြီး စက်တန်းအနောက်ဘက်ရှိ ဈေးအိမ်သာပျက်စီးယိုယွင်း နေမှုပြုပြင်ပေးစေလို ပေးစာနှင့်စပ်လျဉ်း၍ပြင်ဆင်ဆောင်ရွက်ပြီးဖြစ်ကြောင်းဖော်ပြအပ်ပါသည်။

**မြို့နယ်စည်ပင်**

## ကျေးရွာရေရရှိရေး ဆောင်ရွက်နေ

၇-၁-၂၀၀၇ ရက်နေ့ထုတ် ကြေးမုံသတင်းစာပါ မန္တလေးတိုင်း ကျောက်ပန်းတောင်းမြို့နယ်ရှိ ကျေးရွာများသောက်သုံးရေ ရရှိရေး စီစဉ်ပေးပါပေးစာနှင့် စပ်လျဉ်း၍ ရေရရှိပြီး ကျေးရွာ ၃၂၃ ရွာဖြစ်ပြီး ကျန်ကျေးရွာ ၁၃ ရွာအား ရေရရှိရေး ဆောင်ရွက်လျက်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

**မြို့နယ်စည်ပင်**

# ကိုကိုးကျွန်းမြို့နယ် ဇိနမာရဇိန်စေတီတော် အာရုံခံတန်ဆောင်း ရေစက်ချပွဲကျင်းပ တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်း တက်ရောက်ကြည်ညို၊ ဒေသဖွံ့ဖြိုးရေးဆောင်ရွက်

ရန်ကုန် ဖေဖော်ဝါရီ ၃

**ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်းသည် ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦး၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် (ရန်ကုန်တိုင်းတာဝန်ခံ) ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့နှင့်အတူ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တောင်ပိုင်းခရိုင် ကိုကိုးကျွန်းမြို့နယ်သို့ သွားရောက်၍ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားဖြည့်ဆည်းပေးသည်။**

### ကြိုဆိုနှုတ်ဆက်

ရှေးဦးစွာ တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်း၊ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦး၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟို အလုပ်အမှုဆောင် မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းနှင့် တာဝန်ရှိသူများသည် ယနေ့ နံနက် ၈ နာရီ ၄၅ မိနစ်တွင် မြန်မာ့လေကြောင်းဖြင့် ကိုကိုးကျွန်းမြို့နယ် လေယာဉ်ကွင်းသို့ ရောက်ရှိလာရာ နယ်မြေခံတပ်မှ ဒုတိယဗိုလ်မှူးကြီး ကျော်နိုင်ဦးနှင့် အရာရှိ၊ အရာခံ၊ အကြပ်၊ တပ်သားများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် တိုင်းမှူး၊ ဝန်ကြီးနှင့် မြို့တော်ဝန်တို့သည် ကိုကိုးကျွန်းမြို့နယ် ဇိနမာရဇိန်စေတီတော်အား **စာမျက်နှာ ၉ ကော်လံ ၁ သို့** ✻



**ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်း ကိုကိုးကျွန်းမြို့နယ် မြို့နယ်သံဃနာယက အဖွဲ့ ဥက္ကဋ္ဌ ဆရာတော်ထံ လှူဖွယ်ဝတ္ထုပစ္စည်း ဆက်ကပ်လှူဒါန်းစဉ်။**

(သတင်းစဉ်)

## မှတ်သားဖွယ်ရာ မိုးရေချိန်များ

(၃-၂-၂၀၀၇)

**နေပြည်တော်**
၀ ဒသမ ၄၃ လက်မ

**ဟဲဟိုး**
၀ ဒသမ ၈၃ လက်မ

**ပင်လောင်း**
၀ ဒသမ ၇၁ လက်မ

**တောင်ကြီး**
၀ ဒသမ ၂၄ လက်မ

**ရမည်းသင်း**
၀ ဒသမ ၂၃ လက်မ

## နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

**မြန်မာနိုင်ငံ အောက်ပိုင်းဒေသများတွင် ညအပူချိန်များ အနည်းငယ် ကျဆင်းနိုင်သည်။**

## ကြေးမုံ The Mirror ဆောင်းပါးအညွှန်း

❐ **အနာကြီးရောဂါ လူနာဦးရေ သိသိသာသာ ကျဆင်းသွားပြီ ဖြစ်သော်လည်း တစ်နှစ်လျှင် လူနာသစ် ၃၀၀၀ ခန့် ထွက်ပေါ်နေဆဲ ဖြစ်သဖြင့် အနာကြီးရောဂါ တိုက်ဖျက်ရေးလုပ်ငန်းများကို အရှိန်အဟုန် မပျက် ဆက်လက်ဆောင်ရွက်ရန် လိုအပ်နေ။**

❐ **အနာကြီးရောဂါ လူနာများ စောစီးစွာ ရှာဖွေဖော်ထုတ် ကုသမှု ခံယူစေရန် အနာကြီးရောဂါ၏ ကနဦး လက္ခဏာများဖြစ်သော အရေပြားပေါ်တွင် အဖြူကွက်၊ အနီကွက် စသည့် ထုံကျဉ်နေသော မသက်မသာဖွယ် အကွက်တွေ့လျှင် နီးစပ်ရာ ကျန်းမာရေးဌာနသို့ မရက်မကြောက် လာရောက် ပြသစေရန်လည်း အထူးအရေးကြီး။**

ဒေါက်တာကျော်မြင့် (အနာကြီးရောဂါ တိုက်ဖျက်ရေးစီမံချက် မန်နေဂျာ)၏

**"အနာ ကြီးရောဂါ ကင်းဝေးနေစေဖို့ ဆက်လက် ကြိုးပမ်းဆောင်ရွက်စို့"**

(ဆောင်းပါး) စာမျက်နှာ-၃

## သာယာမည်

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။**

# NLD ပါတီအပေါ် စိတ်ဝင်စားမှုမရှိတော့သဖြင့် ပုသိမ်ကြီးမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင်တစ်ဦးနုတ်ထွက်

ရန်ကုန် ဖေဖော်ဝါရီ ၃

**မန္တလေးတိုင်း ပုသိမ်ကြီးမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင် ဦးနေဦးသည် ဇန်နဝါရီ ၂၃ရက်တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD)ပါတီမှ နုတ်ထွက်ကြောင်း ၎င်း၏ ဆန္ဒအလျောက်နုတ်ထွက်လွှာကို လက်မှတ်ရေးထိုးကာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD) ဌာနချုပ်သို့လည်းကောင်း၊ သက်ဆိုင်ရာဒေသအာဏာပိုင် အဖွဲ့အစည်းများသို့ လည်းကောင်း နုတ်ထွက်လွှာပေးပို့ နုတ်ထွက်ခဲ့သည်။**

ပုသိမ်ကြီးမြို့နယ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင် အဖွဲ့ခွဲသို့ ပေးပို့သော နုတ်ထွက်လွှာတွင် NLDပါတီသည် နိုင်ငံနှင့်လူမျိုး အကျိုးပြုလုပ်ငန်းများကို ဆောင်ရွက်ခြင်း မရှိသဖြင့် NLD ပါတီနှင့် ပါတီလုပ်ငန်းများအပေါ် စိတ်ဝင်စားမှုမရှိတော့၍ မိမိဆန္ဒအလျောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD)ပါတီမှ နုတ်ထွက်ကြောင်းဖြင့် ဖော်ပြထားသည်။ (သတင်းစဉ်)

# ကိုယ်ဝန်ဆောင်မိခင်များ မလိုအပ်ဘဲ အာထရာဆောင်း မရိုက်သင့်

## အင်တာနက် ကျန်းမာရေးသတင်း

**လန်ဒန် ဖေဖော်ဝါရီ ၃**

မျက်မှောက်ကာလတွင် အနောက်နိုင်ငံများရှိ မိဘများသည် မိမိတို့၏ မွေးဖွားလာမည့် သားငယ်သမီးငယ်များကို ဝမ်းတွင်း၌ ရှိနေစဉ်မှာပင် ဓာတ်ပုံမှတ်တမ်းများ၊ ဖလင်များ အမှတ်တရ သိမ်းဆည်းထားလိုကြသဖြင့် အာထရာဆောင်းခေါ် တီဗွီဓာတ်မှန်ရိုက်သည့် အလေ့အထတစ်ရပ် ပြုလုပ်လာကြသည်။ ထိုသို့ပြုလုပ်ရာ၌ ပစ္စည်းကိရိယာကို စနစ်တကျ သုံးစွဲခြင်း မရှိလျှင် သန္ဓေသားငယ်အတွက် အန္တရာယ်ရှိနိုင်သည်ဖြစ်၍ ကျွမ်းကျင်သူ ပညာရှင်များက မဆင်မခြင် ပြုလုပ်ခြင်းကို ရှောင်ကြဉ်ကြရန် သတိပေးမှုများ ထွက်ပေါ်လာသည်။

အနောက်နိုင်ငံများရှိ ကုမ္ပဏီအချို့သည် မမွေးဖွားမီသန္ဓေသား၏ အာထရာ ဆောင်းဓာတ်ပုံ၊ စီဒီနှင့် ဒီဗွီဒီများကို အခကြေးငွေယူ၍ ရိုက်ကူးပေးသော ဝန်ဆောင်မှုလုပ်ငန်းများကို လုပ်ကိုင်လာကြသည်။ ထိုဝန်ဆောင်မှုလုပ်ငန်း တစ်ကြိမ်ပြုလုပ်ခ တန်ဖိုးသည် အမေရိကန်ဒေါ်လာ ၄၉၀မျှ ကုန်ကျကြောင်း သိရသည်။

ယင်းသို့ အာထရာဆောင်းရိုက်ကူးရာ၌ ဖွံ့ဖြိုးနေသော သန္ဓေသားငယ်ကို ထိခိုက်စေသည်ဟူသော အခိုင်အမာပြောဆိုနိုင်သည့် အထောက်အထားမျိုး မတွေ့ရသေးပေ။ သို့ရာတွင် ခေတ်မီပစ္စည်းကိရိယာများကို သုံးစွဲရာ၌ မဆင်မခြင်သုံးစွဲမှုကိုရှောင်ကာ သတိနှင့်ယှဉ်၍ သုံးစွဲခြင်းက ပို၍ကောင်းမွန်သည်ဟု ကျွမ်းကျင်သူများက ပြောကြားကြသည်။

ဤသို့သုံးစွဲရာ၌ စနစ်တကျ လေ့ကျင့်ထားသူများ၊ ကျွမ်းကျင် တတ်ကျွမ်းသူများ၏ အကူအညီကို ရယူပြီးမှသာ အာထရာဆောင်း ရိုက်ကူးသင့်သည်ဟု ဒေါက်တာ ကီဗင်မာတင်က ပြောကြားသည်။ ၎င်းသည် ဗြိတိသျှ အာထရာဆောင်း ပညာရှင်များ အသင်း(ဘီအမ်ယူအက်စ်)၏ ဥက္ကဋ္ဌလည်းဖြစ်သည်။

အာထရာဆောင်း တီဗွီဓာတ်မှန်ကိရိယာသည် ဆေးပညာအလို့ငှာ တီထွင်ထားသော ကိရိယာမျိုးသာဖြစ်သည်။ သာမန်ကင်မရာကဲ့သို့ အပျော်သဘောမျိုး **စာမျက်နှာ ၉ ကော်လံ ၁ သို့** ●